## မြဝတီ
နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၂၉)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၃ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့တက်ရောက်ချီးမြှင့်



## အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ထိရောက်အောင်မြင်စွာကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကို အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက်ထိန်းသိမ်းနေရမည်ဖြစ်

နေပြည်တော် မတ် ၁၂

တပ်မတော်(လေ)၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် လေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁**☆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်များအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။



တပ်တော်ဝင်လေယာဉ်များကိုတွေ့ရစဉ်။

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၃ ရက်)

# လေကြောင်းစွမ်းအားမြင့်မားလျက်ရှိသည့် တပ်မတော်(လေ)

မြန်မာနိုင်ငံသည် တောင်အာရှနှင့်အရှေ့တောင်အာရှကို ဆက်စပ်ပေးထားသည့်နေရာဒေသတွင် တည်ရှိနေခြင်းဖြစ်၍ ပထဝီတည်နေရာအရ အချက်အချာကျသည့်နေရာတွင်တည်ရှိနေသည်။ သဘာဝသယံဇာတ အမျိုးမျိုးပေါကြွယ်ဝသည့် မြေပြင်ရေပြင်ပိုင်နက်ရှိပြီး ပြည်တွင်းပထဝီအနေအထားကလည်း တောတောင်ထူထပ်၍ မြစ်ချောင်းအင်းအိုင်များပေါများစွာတည်ရှိနေသည့်အတွက် သာမန်သွားလာကူးသန်းရန် အကန့်အသတ်များရှိနေသည်။ ထူးခြားသည့်အခြေအနေများပိုင်ဆိုင်ထားသည့်နိုင်ငံအနေဖြင့် မိမိနိုင်ငံအတွက် ကောင်းကျိုးများအပြည့်အဝရရှိခံစားအသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ရမည်ဖြစ်သည်။

တပ်မတော်(လေ)သည် မြန်မာနိုင်ငံ၏ လေကြောင်းစွမ်းအားအရင်းအမြစ်များအနက် အဓိကကျသည့်အဖွဲ့အစည်းတစ်ခုဖြစ်၍ တပ်မတော်(လေ) အင်အားတောင့်တင်းခိုင်မာစေရေးနှင့် ခေတ်မီစေရေးအတွက် ရေတိုရေရှည်တွက်ဆဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်(လေ)တွင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း တပ်မတော်ပိုင်လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများကို ၁၅ ကြိမ်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ပြီး လေယာဉ်/ ရဟတ်ယာဉ်များ တပ်မတော်(လေ)သို့ အင်အားဖြည့်တင်းပေးနိုင်ခဲ့သည်။

တပ်မတော်တွင် ကြည်းတပ်၊ ရေတပ်နှင့်လေတပ်ဟူ၍ရှိရာ အဆိုပါညီနောင်သုံးဖော်သည် ဟန်ချက်ညီ လှုပ်ရှားနိုင်ရမည်ဖြစ်သည်။ တစ်ပြေးညီတိုးတက်မှုရှိနေမှသာ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်မှုများတွင် အောင်မြင်မှုများရရှိမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်ကို အစဉ်အမြဲ Standard Army ဖြစ်အောင် အစဉ်တစိုက်ပြုစုပျိုးထောင်လျက်ရှိရာ တပ်မတော်(ရေ)တွင် စစ်ရေယာဉ်ကြီးများ ကိုယ်ပိုင်တည်ဆောက်အသုံးပြုနေသကဲ့သို့ တပ်မတော်(လေ)တွင်လည်း Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ်များကို ပိုင်ဆိုင်ထားပြီဖြစ်သည်။

ထို့ပြင် ရှိပြီးသားလေယာဉ်/ ရဟတ်ယာဉ်များကိုလည်း စွမ်းရည်ပိုမိုတိုးတက်ကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ လေယာဉ်/ရဟတ်ယာဉ်များ အသစ်ထပ်မံဖြည့်တင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်နိုင်မှုကို များစွာအထောက်အကူဖြစ်စေခဲ့သည့်အပြင် မြန်မာ့ဝေဟင်ပိုင်နက်စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့သည်။

ထိုသို့ကောင်းမွန်အောင်တည်ဆောက်လျက်ရှိရာတွင် တပ်မတော်သားတို့၏စိတ်ဓာတ်၊ စည်းကမ်းနှင့် သစ္စာတို့သည်လည်း နိုင်ငံနှင့်တပ်မတော်အတွက်အရေးပါလှသည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့အပေါ် အမြဲတမ်းသစ္စာစောင့်သိလျက်ရှိခြင်းကြောင့်လည်း နိုင်ငံတော်တွင်အရေးပေါ်အခြေအနေနှင့်ကြုံတွေ့သည့်အခါတိုင်း တပ်မတော်ကဦးဆောင်ဖြေရှင်းပေးနိုင်ခဲ့သည်။ လေကြောင်းစွမ်းအားအရင်းအမြစ်များသည် နည်းပညာတိုးတက်ပြောင်းလဲမှုအပေါ် အဓိကတည်မှီနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ တပ်မတော်(လေ)အနေဖြင့် စွမ်းဆောင်ရည်အစဉ်ကောင်းမွန်နေရန် နည်းပညာတိုးတက်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ်လေ့လာအကဲခတ်နေရမည်ဖြစ်သည်။

တပ်မတော်(လေ)အနေဖြင့် နိုင်ငံ၏ဝေဟင်ပိုင်နက်တွင် နည်းဗျူဟာမြောက်စွမ်းဆောင်နိုင်သည့် လေတပ်ဖြစ်ရေးကို ကြိုးစားတည်ဆောက်လျက်ရှိသည်။ တပ်မတော်(လေ)တွင် ပထမဆုံးအသုံးပြုခဲ့သည့် တိုက်ဂါးမော့သ်လေယာဉ်မှသည် အသံထက်မြန်သောဂျက်တိုက်လေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ တိုက်ခိုက်ရေးနှင့်သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များ စသည့်ခေတ်မီမျိုးဆက်သစ်လေယာဉ်/ရဟတ်ယာဉ်များကိုလည်း ဝယ်ယူဖြည့်ဆည်းပေးနိုင်ခဲ့သည်။ နိုင်ငံတကာအဆင့်မီလေကြောင်းနှင့်အာကာသစွမ်းအားပိုင်ဆိုင်နိုင်ရေးအတွက် မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလစစ်ပွဲများတွင် လေကြောင်းအကဲသာမှုသည် စစ်ပွဲ၏အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးလျက်ရှိရာ တပ်မတော်(လေ)အနေဖြင့် နည်းပညာတိုးတက်လာမှုနှင့်အတူ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံအသီးသီး၏ လေကြောင်းစွမ်းအားတိုးတက်နေမှုကို လေ့လာသုံးသပ်ရင်း လေကြောင်းစွမ်းအားတိုးတက်မြင့်မားရေးအတွက် အမြဲကြိုတင်ကြံဆအကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် ယခုအခါ တပ်မတော်(လေ)၏ တပ်တော်ဝင်အခမ်းအနား အောင်မြင်စွာဆောင်ရွက်ခဲ့သည်ကိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

# မြို့နယ်လုံးဆိုင်ရာ ဒသမအကြိမ်မြောက် သဒ္ဓမ္မပါလစာမေးပွဲ စာအောင်ဆုနှင်းသဘင်ကျင်းပ

နေပြည်တော် မတ် ၁၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကအဖွဲ့ကကြီးမှူး၍ မြို့နယ်လုံးဆိုင်ရာ ဒသမအကြိမ်မြောက် သဒ္ဓမ္မပါလစာမေးပွဲ စာအောင်ဆုနှင်းသဘင်အခမ်းအနားကို မတ်လ ၁၀ ရက်တွင် အုန်းတောပရိယတ္တိစာသင်တိုက် မဟာအာရုံခံတော်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုသလ အရှင်သူမြတ်ထံမှ တက်ရောက်လာကြသူများက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှအန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြသည်။

ဆက်လက်၍ သဒ္ဓမ္မပါလစာမေးပွဲကြီးကြပ်ရေးနာယကဆရာတော်များနှင့် ပုစ္ဆကဆရာတော်များကို အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဒသမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သဒ္ဓမ္မပါလစာမေးပွဲ စာအောင်သံဃာတော်များကို စာအောင်ဆုများနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဓမ္မိကာရာမ အုန်းတောကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိဿအရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူကြပြီး နာယကဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များနှင့် သီလရှင်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ဆရာတော်၊ သံဃာတော်ကြီးများနှင့် မြို့နယ်သံဃနာယကအဖွဲ့ကကြီးမှူး၍ မြို့နယ်လုံးဆိုင်ရာ ဒသမအကြိမ်မြောက် သဒ္ဓမ္မပါလစာမေးပွဲကို ဖေဖော်ဝါရီလ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း နှစ်ပါး၊ ပထမလတ်တန်း ၁၆ ပါး၊ ပထမငယ်တန်း ၁၅ ပါးနှင့် အခြေပြုမူလတန်း ၂၉ ပါး၊ မူလဥပစာတန်း ၆၂ ပါးတို့အား စာအောင်ဆုများနှင့် အောင်လက်မှတ်များ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၂)

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၁၃-၃-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဗျို့


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဒုတိယနေ့ဆက်လက်ကျင်းပ တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၉၄၆ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော်   မတ် ၁၂

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြား စာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၉၄၆ ဦး၊ ပျက်ကွက် ၁၃၈၀၇ ဦး ရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲဒုတိယနေ့တွင် စက်မှုကျောင်းသား၊ ကျောင်းသူများက အင်္ဂလိပ်စာဘာသာရပ်၊ စိုက်ပျိုးရေးကျောင်းသား၊ ကျောင်းသူများက သီးနှံထုတ်လုပ်ရေး(၁) ဘာသာရပ်၊ မွေးမြူရေးကျောင်းသား၊ ကျောင်းသူများက ကြက်မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို ဖြေဆိုကြပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိကာ ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- အင်္ဂလိပ်စာ

နေ့စွဲ - ၁၂.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၄၀ | ၇၃၉၂ | ၁၁၆၃၂ | ၃၀၃ | ၂၄၅ | ၅၄၈ | ၉၅.၅၀% | ၄.၅၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၇၁ | ၃၆၅၈ | ၁၀၄ | ၇၈ | ၁၈၂ | ၉၅.၂၆% | ၄.၇၄% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၉ | ၅၂၃ | ၈၄၂ | ၃၀ | ၄၃ | ၇၃ | ၉၂.၀၂% | ၇.၉၈% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၈၀၆ | ၇၇၀၅ | ၁၂၅၁၁ | ၄၀၄ | ၃၆၈ | ၇၇၂ | ၉၄.၁၉% | ၅.၈၁% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၄၁ | ၈၉၈၁ | ၁၄၆၂၂ | ၄၅၄ | ၃၄၉ | ၈၀၃ | ၉၄.၇၉% | ၅.၂၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၈၃ | ၁၂၆၃၁ | ၄၈၆၀ | ၆၉၉၉ | ၁၁၈၅၉ | ၄၈၈ | ၂၈၄ | ၇၇၂ | ၉၃.၈၁% | ၆.၁၉% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၅ | ၁၂၈၆၃ | ၂၁၂၀၈ | ၅၃၈ | ၃၃၉ | ၈၇၇ | ၉၆.၀၃% | ၃.၉၇% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၀၂ | ၄၇၅၃၉ | ၁၉၃၁၅ | ၂၆၂၀၃ | ၄၅၅၁၈ | ၁၂၂၂ | ၈၀၉ | ၂၀၃၁ | ၉၅.၇၃% | ၄.၂၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၅၆ | ၁၀၉၂၆ | ၃၄၈၉ | ၇၀၄၉ | ၁၀၅၃၈ | ၁၈၁ | ၂၀၇ | ၃၈၈ | ၉၆.၃၈% | ၃.၆၂% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၉၀ | ၉၀၁ | ၁၆၉၁ | ၆၆ | ၄၂ | ၁၀၈ | ၉၄.၀၀% | ၆.၀၀% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၅၇ | ၂၆၀၄၉ | ၄၆၈၀၆ | ၁၄၇၄ | ၉၇၆ | ၂၄၅၀ | ၉၅.၀၃% | ၄.၉၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၉ | ၈၄၈၈ | ၁၃၃၇၇ | ၂၆၆ | ၂၅၉ | ၅၂၅ | ၉၆.၂၂% | ၃.၇၈% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၉ | ၁၀၅၈ | ၁၆၈၇ | ၃၈ | ၅၅ | ၉၃ | ၉၄.၇၈% | ၅.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၇၄ | ၁၂၁၆ | ၁၉၉၀ | ၄၄ | ၄၅ | ၈၉ | ၉၅.၇၆% | ၄.၂၄% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၂၇ | ၂၀၉၀၇ | ၃၆၄၃၄ | ၁၈၅၀ | ၁၀၄၃ | ၂၈၉၃ | ၉၂.၆၄% | ၇.၃၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၁၀ | ၇၈၉၈ | ၁၄၁၀၈ | ၅၀၅ | ၃၀၁ | ၈၀၆ | ၉၄.၆၀% | ၅.၄၀% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၄၀၅၁ | ၁၅၀၈၉၅ | ၂၅၄၉၄၆ | ၈၁၄၀ | ၅၆၆၇ | ၁၃၈၀၇ | ၉၄.၈၆% | ၅.၁၄% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်များအားလုံး

နေ့စွဲ - ၁၂.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၂၁ | ၃၂၉ | ၂၀၆ | ၁၂၁ | ၃၂၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

မျက်နှာကလေးညှိုးပြီး အင်းလျားတွင် သွား၍ ငိုင်နေတတ်သောကြောင့် ညီလင်းညိုတို့ သူ့နောက်သို့ တကောက်ကောက် လိုက်ရသေးသည်။ သို့သော် မကြာလိုက်ချေ။ တစ်ပတ်ခန့် မှိုင်ပြီးသောအခါတွင်ကား ပုံမှန်သို့ပြန်ရောက်သွားလေသည်။ နှစ်ပတ်ခန့်ကြာသောအခါတွင်ကား ဝါဝါခင်ဟူသော မိန်းမလှလေးကို စိတ်ဝင်စားလာပြန်လေသည်။ အလှကဗျာလေးများသည် ပြန်လည်နိုးကြားပြီး အသက်ဝင်လာကြသည်။

ညီလင်းညိုသည် ဘာစကားကိုမျှ ဝင်မပြောဖြစ်ချေ။ ဒေါသမာနနှင့် သံသယတို့ အထပ်ထပ်လွှမ်းနေသောမျက်လုံးလေးများနှင့် သူ့ကိုစားမတတ်ဝါးမတတ်ကြည့်နေသော စုလှိုင်ကိုသာ မြင်ယောင်နေသည်။ တုန်တုန်ခိုက်ခိုက်နှင့် 'ထွက်သွား' ဟု အော်လိုက်သောအသံသည် သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်။ လူကြားထဲတွင် ဣန္ဒြေမပျက်သွားလာလှုပ်ရှားနေရသော်လည်း ညီလင်း၏စိတ်သည် ကယောင်ချောက်ချားဖြစ်နေလေသည်။ သူ့နှလုံးသားသည် မီးပုံထဲထည့်ပြီး အဖုတ်ခံလိုက်ရသလို ပူကျက်နေသည်ဟုပင် ထင်မှတ်နေမိသည်။ သို့သော် သူသည် ဆွေးလိုသူမဟုတ်၊ ငေးလိုသူမဟုတ်၊ ငိုင်၍မှိုင်လိုသူလည်းမဟုတ်ချေ။ ထို့ပြင် ကိုယ့်ကိုယ်ကိုယ်မို့ ပြောသည်တော့မဟုတ်၊ သူ့၌ စိတ်ကောင်းလေးရှိသည်။ စုလှိုင်၏နာမည်ကို ပျက်ပြားစေမည့်စကားကို တစ်ခွန်းတလေမျှပင်မဟချေ။ သူတို့နှစ်ယောက်အကြောင်းကို ကျော်ထွန်းညိုတစ်ဦးမှလွဲ၍ မည်သူ့ကိုမျှ ပြောမပြပေ။

'ညီလင်း ခုတလော ဘာဖြစ်နေလဲ'

'ဘာမှမဖြစ်ပါဘူး'

'ဒါပေမဲ့ အရင်ကနဲ့မတူဘူး'

'ဘယ်လိုများဖြစ်နေလို့လဲ သူရိန်ရာ'

'တစ်မျိုးပဲ၊ အရင်ကလိုမရွှင်ဘူး'

'မင်းကလေ၊ အမြဲရယ်နေရတော့မှာလား'

မြေပေါ်မှကျောက်ခဲလေးတစ်လုံးကို ကုန်းကောက်ကာ ညီလင်းသည် မြက်တောထဲသို့ ပစ်လိုက်သည်။ ထို့နောက် သစ်တိုသီးရှာနေသော တင်ထွန်းမောင်အား လှမ်းပြောလိုက်သည်။

**'ငါထင်တယ်ကွာ၊ ချစ်တာဟာ မခဲယဉ်းဘူး၊ ကိုယ်နဲ့ သွားအတူ စားအတူ လက်ပွန်းတတီးနေရရင် ချစ်လာမှာပဲ၊ သံယောဇဉ်ရှိလာမှာပဲ၊ ကြိုက်ဖို့ကသာ ခဲယဉ်းတာ၊ ဒီလိုကွာ ဒီလို၊ မင်းကလည်း သေအောင်ချစ်နေဦး၊ မင်းကိုလည်း သေအောင်ချစ်နေဦးတော့၊ တစ်ယောက်နဲ့တစ်ယောက် ခံယူချက်ချင်းမတူရင်၊ ဝါသနာဗီဇချင်းမတူရင်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းချင်းမတူရင် အဲဒီအိမ်ထောင်ဟာ မသာယာနိုင်ဘူး သိရဲ့လား'**

**'မဟုတ်သေးပါဘူးဗျာ'**

**'အနီရောင်ဟာလှတယ်ကွ၊ အစိမ်းရောင်ဟာလည်း သူ့ဟာသူလှနေတာပဲ၊ ဒါပေမဲ့ သတ်သတ်စီသာကောင်းတာ၊ ပေါင်းလိုက်ရင် ညစ်ပုပ်ပုပ်ကြီးဖြစ်သွားတတ်တယ်. . .'**

'အပင်ပေါ်ကအသီးတွေ ခဲနဲ့ပစ်ချပါလားဗျ'

'လူတွေထိကုန်မယ်ကွ'

'လူအရှင်းစောင့်ပြီး သတိထားပစ်ပေါ့'

နွေသူရိန်နှင့် ထိုအကြောင်းဆက်မပြောလိုသောကြောင့် စကားလွှဲလိုက်ခြင်းဖြစ်သော်လည်း ညီလင်းသည် သစ်တိုသီးကို အမှန်တကယ် စိတ်မဝင်စားလှပေ။ သို့သော်လည်း သူ့အနားတွင်တွေ့ရသော ကျောက်ခဲတစ်လုံးကိုကောက်ပြီးတင်ထွန်းမောင်ဘက်သို့ ပစ်ပေးလိုက်မိသည်။

'အသီးစိမ်းတွေဆိုရင် ချဉ်မှာပေါ့'

'ချဉ်လည်းကောင်းတာပဲ၊ ငါးပိချက်ချက်လို့ရတယ်ကွ သိလား'

နှစ်ခါပင်မတိုက်တွန်းရချေ။ တင်ထွန်းမောင်သည် သစ်တိုသီးများကို ခဲနှင့်ထုလေတော့သည်။ အားကုန်ပစ်တင်လိုက်သောကျောက်ခဲသည် သစ်ရွက်များကိုခွဲချပြီး မြေပေါ်သို့ပြန်ကျလာသည်။ သစ်တိုသီးတစ်လုံးမျှ ကြွေမလာပေ။ နွေသူရိန်က ကြည့်၍ရယ်နေစဉ် တင်ထွန်းမောင်သည် ကျလာသောကျောက်ခဲကို ပြေးကောက်သည်။ ထို့နောက် အားနှင့်မာန်နှင့် တအားလွှဲ၍ပစ်ပြန်သည်။

'ဗျို့ သံလုံးပစ်ချန်ပီယံကြီး၊ လူတွေထိကုန်မယ်ဗျ၊ သတိ သတိ'

'ဂျူနီဖာတင်လေးအစ်ကို ဖင်နီတာတင်လေး အစွမ်းပြနေပါပြီဗျို့၊ ဝေးဝေးကရှောင်ကြ ရှားကြပါ'

တစ်ဖက်ဆောင်မှ ထွက်လာသော ကျောင်းသားများသည် ခေါင်းကိုလက်ဝါးများအုပ်ကာ မြက်တောထဲမှအပြေးအလွှားဖြတ်သွားရင်း အော်ဟစ်နောက်ပြောင်သွားကြသည်။ တင်ထွန်းမောင်က သူတို့ကိုသွားဖြဲ၍ရယ်ပြလိုက်ပြီး ပုဆိုးပြင်ဝတ်သည်။ ပဉ္စမအကြိမ်ကြိုးပမ်းသောအခါတွင်ကား သစ်တိုသီးများ တဖုတ်ဖုတ်ကြွေကျလာလေတော့သည်။

'အိမ်ထောင်တစ်ခု တည်ဆောက်မယ်ဆိုရင် ချစ်တာနဲ့ကြိုက်တာ ဘာကမှအရေးကြီးမလဲဟင် သူရိန်'

ညီလင်းညိုသည် ခပ်တိုးတိုးမေးသောအခါ နွေသူရိန်က အံ့ဩသလိုလှည့်ကြည့်သည်။

'ချစ်တာက အရေးကြီးတာပေါ့၊ ချစ်ခြင်းမေတ္တာဆိုတာ အရာရာကို စိုးမိုးတာပဲ၊ မင်းကို ဆရာတက်တိုးဆောင်းပါးတွေ ပေးဖတ်ရဦးမယ်၊ ချစ်ရင်အကျိုး မုန်းရင်အပြစ်တဲ့၊ မချစ်မနှစ်သက်သူနဲ့ပေါင်းသင်းရခြင်းဆင်းရဲဆိုတာ ဘယ်လောက်ဆိုမလဲ'

'အသီးတွေက စိမ်းသေးတယ်၊ ဒါပေမဲ့ ငါးပိချက်ဆိုရင် သိပ်ကောင်းတာ၊ အမေကြိုက်တယ်ကွ၊ ဝက်သားနဲ့ချက်လည်း ကောင်းတာပဲ'

ကြွေကျလာသောသစ်သီးများကို ပြေးလွှားကောက်ယူရင်း တင်ထွန်းမောင်က အော်၍ပြောသည်။ ထို့နောက် သူ့လက်ထဲမှအသီးများကို စကားပြောနေသော ညီလင်းညိုတို့ဆီသို့ ပစ်၍ပေးသည်။ မျက်နှာကို အသီးများ လာမထိအောင် ရှောင်တိမ်းရင်း အမိမိဖမ်းလိုက်ကြရသည်။

'ဒီမှာဗျ ကိုတင်ထွန်းမောင် ညီလင်းညိုက မေးနေတယ်၊ အိမ်ထောင်တစ်ခုတည်ထောင်ဖို့ရာ ချစ်တာနဲ့ကြိုက်တာ ဘာကအရေးကြီးသလဲတဲ့၊ ချစ်ခြင်းမေတ္တာက အရေးကြီးတာပေါ့နော်ဗျာ'

'မဟုတ်ဘူးကွ ကြိုက်ဖို့ရာသာ အရေးကြီးတာ'

တင်ထွန်းမောင်သည် သူတို့ဘေးသို့ပြန်ရောက်လာသည်။ နွေသူရိန်၏စာအုပ်အဖုံးကိုခွာယူပြီး သစ်တိုသီးများထုပ်နေရင်းမှ ငြင်းချက်ထုတ်လေသည်။

'ခင်ဗျားကလည်းဗျာ၊ ကြံကြံဖန်ဖန်'

'တကယ်ပြောတာ ချစ်တယ်ဆိုတာ သမီးရည်းစားဘဝမှာသာ အရေးကြီးချင်ကြီးမှာ သူရိန်ရ၊ သမီးရည်းစားဆိုတာ ချစ်တဲ့အချိန်လေးသာ ခဏတွေ့ကြတာ၊ အဲဒီတကယ်တမ်းဘဝကိုလက်တွဲပြီးလျှောက်ကြတော့မယ်ဆိုတော့ မသေမချင်းသက်ဆိုင်နေကြပြီ၊ ဒီတော့ သူ့အကျင့်၊ ဝါသနာ၊ ဗီဇ၊ စိတ်နေသဘောထား၊ သူ့ပတ်ဝန်းကျင်အကုန်လုံးကို မင်းလက်ခံနိုင်ဖို့၊ ကြိုက်ဖို့လိုလာပြီမဟုတ်လား၊ အဲဒီအချိန်ကျတော့ ချစ်တယ်ကွယ် ချစ်တယ်ကွယ်ဆိုတာနဲ့ မပြီးတော့ဘူး သူငယ်ချင်းတို့ရဲ့'

နွေသူရိန်သည် စာအုပ်ဖုံးဘဝမှ သစ်တိုသီးထုပ်ရသည့်ဘဝကို ရောက်သွားရှာသည့် ရုပ်ရှင်မင်းသမီးပုံလှလှလေးကို မကျေမနပ်ဖြင့် ကြည့်နေသည်။

'ငါထင်တယ်ကွာ ချစ်တာဟာ မခဲယဉ်းဘူး၊ ကိုယ်နဲ့သွားအတူ စားအတူ လက်ပွန်းတတီးနေရရင် ချစ်လာမှာပဲ၊ သံယောဇဉ်ရှိလာမှာပဲ၊ ကြိုက်ဖို့ကသာ ခဲယဉ်းတာ၊ ဒီလိုကွာ ဒီလို၊ မင်းကလည်း သေအောင်ချစ်နေဦး၊ မင်းကိုလည်း သေအောင်ချစ်နေဦးတော့၊ တစ်ယောက်နဲ့တစ်ယောက် ခံယူချက်ချင်းမတူရင်၊ ဝါသနာဗီဇချင်းမတူရင်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းချင်းမတူရင် အဲဒီအိမ်ထောင်ဟာ မသာယာနိုင်ဘူး သိရဲ့လား'

'မဟုတ်သေးပါဘူးဗျာ'

'အနီရောင်ဟာ လှတယ်ကွ၊ အစိမ်းရောင်ဟာလည်း သူ့ဟာသူလှနေတာပဲ၊ ဒါပေမဲ့ သတ်သတ်စီသာကောင်းတာ၊ ပေါင်းလိုက်ရင် ညစ်ပုပ်ပုပ်ကြီးဖြစ်သွားတတ်တယ်'

အုတ်ချပ်များကြားထဲမှ တွယ်ကပ်ပြီးပေါက်နေသော ညောင်ပင်သေးသေးလေးမှ အရွက်များကိုစိုက်ကြည့်ရင်း ညီလင်းသည် အမာညို၏ဆေးဘူးဆေးခွက်များကို ပြေးပြီးမြင်ယောင်မိသည်။ အဆောက်အအုံတစ်ခုတွင် မူလပုံစံသာမက ကြမ်းခင်းနံရံမျက်နှာကြက်မှအစပြု၍ တံခါးဘောင်အဆုံး အသေးစိတ်အရောင်အသုံးပြုပုံကလည်း လှပမှု၊ မျက်စိပသာဒဖြစ်မှုကို များစွာ အထောက်အကူဖြစ်ကြောင်းကို အမာညိုက မကြာခဏပြောတတ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး

ထန်းတပင် မတ် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ်လ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်စန္ဒာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ထွန်းအောင်က စာဖတ်ရခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးအောင်မြင့်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်အိသန္တာကျော်က ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း အသိပညာပေးပြောကြားကြသည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး နံရံကပ်စာစောင်များပြသရာ တက်ရောက်လာကြသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး၊ မြို့နယ်ဥပဒေအရာရှိနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။**ချမ်းမြေ့**

## အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကျင်းပ

ကန့်ဘလူ မတ် ၁၂

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာအသုံးပြုတတ်စေရန်နှင့် ငယ်စဉ်ကပင် စာကြည့်တိုက်နှင့်ရင်းနှီးပြီး အသိပညာဗဟုသုတများ တိုးပွားရရှိစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းကို မတ်လ ၁၂ ရက်တွင် ကန့်ဘလူမြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇင်မင်းထွန်းက သင်တန်းများဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ဦးစိုးမြင့်ဝေ (ပန်းချီစိုးမြင့်ဝေ) နှင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးအေးကိုကိုတို့က သင်ကြားပေးမည့်ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းများကို မတ်လ ၁၂ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အောင်ဝင်းဖြိုးမိုး(ကန့်ဘလူ)**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်






မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် မတ် ၁၂

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ ရန်အောင်မြေဘုမ္မောကျောင်းတိုက်အတွင်း၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ရန်အောင်မြေဘုမ္မောကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




# သံအမတ်ကြီး ဦးအောင်မင်းဦးအား ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီသီယိုးပီးယားနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးအောင်မင်းဦးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

မြဝတီ

# ကန်သာယာအထူးကုဆေးရုံကြီး၌ ကမ္ဘာ့ကျောက်ကပ်နေ့အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

ကမ္ဘာ့ကျောက်ကပ်နေ့ World Kidney Day အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း ကန်သာယာအထူးကုဆေးရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ကျန်းမာရေးဆိုင်ရာအထူးကုဆရာဝန်ကြီးများ၊ ဆေးဝါးကုသမှုနယ်ပယ်မှ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေါက်တာဝင်းမြတ်ဦးက ကမ္ဘာ့ကျောက်ကပ်နေ့အကြောင်းအဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာအောင်ချမ်းငြိမ်းက ကျောက်ကပ်ရောဂါအကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ယင်းနောက် ကျောက်ကပ်လူနာများအတွက် သတင်းကောင်းဖြစ်သည့် ကန်သာယာဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုးကုသအောင်မြင်ခြင်းအကြောင်းကို ဒေါက်တာရဲလင်းထွန်းက ရှင်းလင်းပြောကြားပြီး ကျောက်ကပ်လှူဒါန်းသူနှစ်ဦးအား ဂုဏ်ပြုလွှာများပေးအပ်ခဲ့သည်။

ထို့နောက် ကျောက်ကပ်ရောဂါအထောက်အကူပြု ဆေးဝါးကုမ္ပဏီများဖြစ်ကြသည့် Zefam, DKSH, Imperial Phoen Company တို့မှ ဆေးဝါးများအကြောင်းကို ရှင်းလင်းပြောကြားပြီး GAIA Pilates Studio မှ ကျန်းမာရေးအသက်ရှူလေ့ကျင့်ခန်းများကို တင်ဆက်ပြသခဲ့သည်။

ကန်သာယာအထူးကုဆေးရုံကြီးတွင် နှလုံး၊ ကျောက်ကပ်နှင့် သားဖွားမီးယပ်ဆိုင်ရာရောဂါများနှင့်ပတ်သက်ပြီး အသေးစိတ်မေးမြန်းနိုင်ကြောင်း သိရသည်။

လင်းခန့်




# မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဆီကန်ကြီးကြပ်ရေးအဖွဲ့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မင်းရဲကျော်စွာလမ်း UMFCCI ရုစ်လွှာရှိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဆီကန်ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် အသင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးမိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆီကန်များတွင် လက်ရှိဆီများတင်သွင်းသိုလှောင်ထားရှိမှုများ၊ ထပ်မံတင်သွင်းရောက်ရှိလာမည့် ဆီသင်္ဘောများမှ ဆီများထားရှိမည့်သိုလှောင်ကန်များ ထည့်သွင်းလက်ခံမှုများစနစ်တကျရှိစေရေး၊ သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများ၊ ဆီကန်များမှ ဆီများဖြန့်ဖြူးမှုနှင့် အလေးချိန်မှန်ကန်စေရေးတို့အား ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် MITS မှ တာဝန်ရှိသူတစ်ဦးက ဆီတင်သင်္ဘောများ ဆီသိုလှောင်ကန်များသို့ တင်သွင်းခြင်းလုပ်ငန်းတွေ့ရှိချက်များကိုရှင်းလင်းဆွေးနွေးပြီး ဆီကန်တာဝန်ခံများက ဆီများသိုလှောင်နိုင်မှုလုပ်ငန်းတွေ့ရှိချက်များအား ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင်မိုးအောင်က ဆီကန်များစစ်ဆေးခြင်းအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး Taw Win Akaviz Co.,မှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးခြင်းနှင့် အထွေထွေဆွေးနွေးခြင်းများတွင် ဆီထုတ်ပေါက်များသန့်ရှင်းမှုရှိရန်နှင့် ဆီထုတ်ကားများ သန့်ရှင်းကြံ့ခိုင်မှုရှိကြစေရေး အထူးအလေးထား ဆောင်ရွက်ကြရန်တို့ကို အဓိကထားဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဆီကန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌအသင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဌေးမိုးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ကျော်ဆန်းမြင့်



တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



လှည်းကူးမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။




ကာမိုင်းမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။



ဒိုက်ဦးမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။

◆ ကျောဖုံးမှအဆက်

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနတို့၌ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၁၀၅ ခရိုင်၊ မြို့နယ်ပေါင်း ၂၆၆ မြို့နယ်၊ စာစစ်ဌာနပေါင်း ၈၈၇ ဌာနတို့၌ ကျောင်းသား ၁၁၂၀၉၁ ဦး၊ ကျောင်းသူ ၁၅၆၅၆၂ ဦး၊ စုစုပေါင်း ၂၆၈၇၅၃ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၀၄၀၅၁ ဦး၊ ကျောင်းသူ ၁၅၀၈၉၅ ဦး၊ စုစုပေါင်း ၂၅၄၉၄၆ ဦးဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူရာခိုင်နှုန်းမှာ ၉၄ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ဖြေဆိုရန် စာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၄၁ ခရိုင်၊ မြို့နယ်ပေါင်း ၅၀ မြို့နယ်၊ စာစစ်ဌာနပေါင်း ၅၃ ဌာနတို့၌ ကျောင်းသား ၂၀၀၅ ဦး၊ ကျောင်းသူ ၁၃၈၁ ဦး၊ စုစုပေါင်း ၃၃၈၆ ဦးဖြစ်ပြီး ဖြေဆိုမှုအနေဖြင့် ကျောင်းသား ၁၉၉၂ ဦး၊ ကျောင်းသူ ၁၃၇၂ ဦး၊ စုစုပေါင်း ၃၃၆၄ ဦး ဖြစ်သဖြင့် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူ ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြေဆိုနိုင်ရေးအတွက်သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ထိုသို့ကျောင်းသား၊ ကျောင်းသူများ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုခဲ့ပြီး မတ်လ ၁၂ ရက် ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုလျက်ရှိကြောင်းနှင့် မတ်လ ၁၃ ရက် သောကြာနေ့တွင်သင်္ချာဘာသာရပ်၊ မတ်လ ၁၄ ရက် စနေနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်၊ မတ်လ ၁၆ ရက် တနင်္လာနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်၊ မတ်လ ၁၇ ရက် အင်္ဂါနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့်

**စာမျက်နှာ ၇ သို့** ◆

# ပဲခူးမြို့ ရွှေသာလျောင်းဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အသစ်တည်ထားတော်မူသော ပါဒစေတီတော်မြတ်ကြီးဖွင့်လှစ်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

ပဲခူး မတ် ၁၂

ပဲခူးမြို့ ရွှေသာလျောင်းဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အသစ်တည်ထားတော်မူသော ပါဒစေတီတော်မြတ်ကြီး ဖွင့်လှစ်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ယမန်နေ့က အဆိုပါရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့ ရွှေသာလျောင်းဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ အသစ်တည်ထားတော်မူသော ပါဒစေတီတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပူဇော်ကြသည်။





ထို့နောက် ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များက ဇယမင်္ဂလာအောင်ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ပြီး ပါဒစေတီတော်မြတ်ကြီးအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပူဇော်ကာ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ကြသည်။

ယင်းနောက် ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး ဦးဆောင်ပဓာန ကမကထပြုချီးမြှင့်တော်မူခဲ့ကြသည့် လှုရတနာဆရာတော်နှင့် ကြခတ်ဝိုင်းဆရာတော်တို့အား ဂုဏ်ပူဇော်မှတ်တမ်းလွှာများ ဆက်ကပ်ပူဇော်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(၄၁၀)



ညောင်လေးပင်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



တောင်ငူမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။



ပုလောမြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာရပ်အား လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



မြိတ်မြို့၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကို တွေ့ရစဉ်။

◆ စာမျက်နှာ ၆ မှအဆက်

ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုကြရမည်ဖြစ်ပြီး မတ်လ ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သိရှိရသည်။

အလားတူ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ်လ ၁၁ ရက်မှ စတင်ဖြေဆိုလျက်ရှိပြီး မတ်လ ၁၈ ရက်နေ့အထိ ဆက်လက်ဖြေဆိုကြမည်ဖြစ်ကာ မတ်လ ၁၅ ရက် တနင်္ဂနွေနေ့အား ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း သတင်းရရှိသည်။

"၂၀၂၆ တက္ကသိုလ်ဝင်စာမေးပွဲမှာ ကြီးကြပ်ရေးမှူးတာဝန်အဖြစ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ စမ်းချောင်းမှာလာပြီးတော့ တာဝန်ထမ်းဆောင်နေပါတယ်။ စာဖြေသူပေါင်း ၃၅၀ ဦး ရှိပါတယ်။ ဇီဝဗေဒအတွဲမှာတော့ ခုံနံပါတ် ၁ ကနေ ၂၄၁ ထိ၊ ၂၄၁ ယောက်ရှိပါတယ်။ ဘောဂဗေဒအတွဲမှာတော့ ၉၈ ယောက်ရှိပါတယ်။ ပထဝီ၊ သမိုင်း၊ ဘောဂကတော့ ၁၁ ယောက်ရှိပါတယ်၊ အားလုံးစုစုပေါင်း စာဖြေသူ ၃၅၀ ဦးရှိပါတယ်။ အေးအေးချမ်းချမ်းနဲ့ ဖြေကြားနိုင်ရန်အတွက်





ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကျွန်မတို့ပြုလုပ်ထားပါတယ်။ အားလုံးဖြေနိုင်ပါစေ။ ဂုဏ်ထူးတွေလည်း အများကြီး ရပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

"ကြိုးစားတာကတော့ တစ်နေ့စာ တစ်နေ့ကိုပုံမှန်လုပ်ပြီး စာမေးပွဲဖြေဆိုခါနီး ကျောင်းပိတ်ရက်တွေမှာ ပြန်နွှေးပြီးတော့ ပုံမှန်လေးတော့ ကျက်ဖြစ်ပါတယ်။ ဒီဘာသာက ညီမတို့အတွက် နည်းနည်းစိမ်းတဲ့အတွက် ဆရာမတွေသင်ပြတဲ့အချိန်မှာ သေချာလိုက်မှတ်တယ်။ ပြီးတော့လေ့လာတယ်၊ အများအားဖြင့်တော့ ဖတ်တာတွေ၊ ပြင်ပဗဟုသုတတွေကြည့်ပြီးတော့ အားထုတ်ပါတယ်။ ကျွန်မတို့နိုင်ငံကလည်း စိုက်ပျိုးရေးအဓိကထားတယ်ဆိုတော့ အဲဒါကြောင့် ပိုပြီးတော့ ဒီထက်တိုးတက်အောင် လုပ်ချင်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးကို ယူတယ်။ အသစ်အသစ်တွေကို လေ့လာတယ်"ဟု ပြောသည်။

(၁၀၀)

# ဆေးလိပ် ဆေးရွက်ကြီးနှင့် နီကိုတင်းစွဲလမ်းမှုပြဿနာ

ပေါက်ပေါက်

**"နီကိုတင်းဓာတ်သည် လူကိုစွဲလမ်းစေတတ်သော ဂုဏ်သတ္တိရှိပြီး စိတ်ကိုပါ ပြောင်းလဲစေတတ်သည်။ လေ့လာမှုမှတ်တမ်းများအရ နီကိုတင်းစွဲလမ်းမှုသည် အရက်စွဲလမ်းမှုထက် ၆ ဆမှ ၈ ဆအထိ ပိုကြောင်း သိရသည်။ ထို့ကြောင့် နီကိုတင်းကို သုံးစွဲမိသွားသူများမှာ ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်သွားကြသည်။ ဆေးလိပ်ထဲတွင်ပါရှိသော နီကိုတင်းဓာတ်သည် ကောင်းစွာအိပ်စက်မှုကို နှောင့်ယှက်ရုံသာမက အဆုတ်ထဲရောက်သွားသော နီကိုတင်းအဆိပ်ဓာတ်တို့သည် အိပ်ပျော်နေစဉ် အသက်ရှူလမ်းကြောင်းကို အဟန့်အတားဖြစ်စေသည် . . ."**

ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ ဆေးငုံခြင်းများကို စွဲလမ်းကြရသည့် အကြောင်းရင်းသည် ဆေးရွက်ကြီးတွင်ပါရှိသော နီကိုတင်းဓာတ်၏ အာနိသင်ကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းတို့ လျော့နည်းပပျောက်ရေး၊ ယင်းနှင့်ဆက်စပ်သည့်ရောဂါများ ဖြစ်ပွားမှုလျော့ချနိုင်ရေး စသည်တို့အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ ဆေးလိပ်ဘူးများတွင် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း သတိပေးစာတန်း၊ အဆုတ်နှင့် ပါးစောင်တို့တွင် ကင်ဆာရောဂါဖြစ်ပွားပုံများ ဖော်ပြထားသည်။ နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုစသည့် သတင်းမီဒီယာများမှ သတိပေးနှိုးဆော်ထားသည့်အတွက် ပြည်သူလူထုအကြား နီကိုတင်းအဆိပ်ဆိုးကျိုးများကို အထိုက်အလျောက် အသိပညာဝင်ရောက်နေကြပြီဖြစ်သော်လည်း စွဲလမ်းမှုကို ဖြတ်တောက်မရဖြစ်နေကြသည်။

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း အကြောင်းရင်းများအနက် ဆေးလိပ်(စီးကရက်သောက်ခြင်း)၊ ကွမ်း(ဆေးရွက်ကြီးငုံခြင်း)တို့မှာ အဓိကအကြောင်းရင်းများဖြစ်သည်။ ပညာရှင်များ၏ လေ့လာဆန်းစစ်မှုမှတ်တမ်းများအရ မြန်မာနိုင်ငံတွင် လူ ၁၀၀ လျှင် ပျမ်းမျှ ၂၆ ဦးကျော်က ဆေးလိပ်သောက်ကြပြီး ၄၃ ဦးက ဆေးပါသည့်ကွမ်းကို စားနေကြကြောင်း၊ ဆေးလိပ်သောက်၊ ကွမ်းစားကြရာတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ပါဝင်နေကြောင်း တွေ့ရသည်။

**နီကိုတင်း သို့မဟုတ် အဆိပ်ငွေ့**

နီကိုတင်းဆိုသည်မှာ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး နီကိုတင်းဓာတ်သည် ခန္ဓာကိုယ်အတွင်း နာရီ ၂၀ ကြာသည်အထိ အာနိသင်မပြယ်ဘဲရှိနေတတ်ပြီး ယင်းဓာတ်ဝင်ရောက်မှုပမာဏ၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ ဆီးအဖြစ် ကျောက်ကပ်က အဆိပ်ဖယ်ရှားနိုင်သည်။ မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် နီကိုတင်းအဆိပ်သင့်နိုင်သည်။ ဆေးလိပ်ငွေ့ထဲတွင် ကင်ဆာရောဂါဖြစ်စေနိုင်သည့် ဓာတုပစ္စည်း ၅၀ ကျော်နှင့် တခြားဓာတ်ပစ္စည်းအမျိုးပေါင်း ၄၀၀၀ ကျော်ပါဝင်သည်။ ရာပေါင်းများစွာသောပစ္စည်းများသည် အဆိပ်အတောက်ဖြစ်စေပြီး ၇၀ ခန့်မှာ ကင်ဆာရောဂါဖြစ်စေနိုင်သည်။ ရုံးခန်း၊ အိမ်ခန်း၊ အိမ်စီးကားများအတွင်း ဆေးလိပ်သောက်ပါက ဆေးလိပ်မှုန်များသည် ကြမ်းပြင်၊ ကြမ်းခင်း၊ ကော်ဇော၊ ဆိုဖာဆက်တီ၊ ဗီရို စသည်တို့ပေါ်တွင် စွဲတင်ကျန်နေပြီး နီကိုတင်းဓာတ်မှာ ရက်ပေါင်းများစွာ တည်ရှိနေသည်။ လေလုံသည့် အခန်းတစ်ခုထဲတွင် ဆေးလိပ်ငွေ့၏ အကြွင်းအကျန်များမှာ ငါးနာရီခန့်ကြာသည်အထိ ရှိနေတတ်သည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်များပြီး ယင်းပြဿနာကို Third Hand Smoke ဟု ခေါ်သည်။

**နီကိုတင်းဆိုးကျိုးများ**

နီကိုတင်းဓာတ်သည် လူကိုစွဲလမ်းစေတတ်သော ဂုဏ်သတ္တိရှိပြီး စိတ်ကိုပါ ပြောင်းလဲစေတတ်သည်။ လေ့လာမှုမှတ်တမ်းများအရ နီကိုတင်းစွဲလမ်းမှုသည် အရက်စွဲလမ်းမှုထက် ၆ ဆမှ ၈ ဆအထိ ပိုကြောင်း သိရသည်။ ထို့ကြောင့် နီကိုတင်းကို သုံးစွဲမိသွားသူများမှာ ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ဖြစ်သွားကြသည်။ ဆေးလိပ်ထဲတွင်ပါရှိသော နီကိုတင်းဓာတ်သည် ကောင်းစွာအိပ်စက်မှုကို နှောင့်ယှက်ရုံသာမက အဆုတ်ထဲရောက်သွားသော နီကိုတင်းအဆိပ်ဓာတ်တို့သည် အိပ်ပျော်နေစဉ် အသက်ရှူလမ်းကြောင်းကို အဟန့်အတားဖြစ်စေသည်။ ထို့မျှမက နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်၊ လေဖြတ်၊ အဆုတ်ပြွန်ရောင်၊ အဆုတ်ပွ၊ သွေးတိုး၊ ခြေပုပ်လက်ပုပ်၊ ပန်းသေပန်းညှိုး၊ ပါကင်ဆန် (ခေါ်) ခြေတုံလက်တုံရောဂါ၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်ဇရာကြိုရောဂါ၊ အူရောင်ရောဂါ၊ သတိမေ့လျော့ခြင်း၊ စိတ်ကျရောဂါ၊ အဝလွန်ခြင်း၊ အဆစ်အမြက်ရောင်နာ စသည့်ရောဂါများစွာ ခံစားရနိုင်သည်။ နီကိုတင်းဓာတ်ကြောင့် ခံတွင်း၊ ဆီး၊ ချွေးနံ့ဆိုးများထွက်စေသည်။ ကိုယ်ဝန်ဆောင်များ ကိုယ်တိုင်ဆေးလိပ်သောက်၍ဖြစ်စေ၊ ကိုယ်ဝန်ဆောင်စဉ် Second Hand Smoke အဖြစ် နီကိုတင်းဓာတ်ကို မကြာခဏရှူရှိုက်မိ၍ဖြစ်စေ မိခင်ရောသန္ဓေသားပါ ဆိုးကျိုးများစွာ ခံစားရနိုင်သည်။

**နီကိုတင်းစွဲလမ်းခြင်း ပုံစံသစ်များ**

တစ်ကမ္ဘာလုံးတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းလာသောအခါ စီးပွားရေးလုပ်ငန်းရှင်တချို့က လူကိုစွဲလမ်းစေသည့် နီကိုတင်းကို တခြားနည်းလမ်းများဖြင့် သုံးစွဲမှုပျံ့နှံ့လာစေရန် ကြိုးပမ်းလာကြသည်။ အီးစီးကရက်နှင့် အီလက်ထရောနစ်သုံး အငွေ့ရှူကိရိယာများသာမက ရေပြောင်း (water pipe) နှင့် Shisha ကဲ့သို့သော အငွေ့ရှူကိရိယာများသည် နီကိုတင်း၏ ပုံစံသစ်များဖြစ်သည်။ နီကိုတင်းကို အီလက်ထရောနစ်နည်းဖြင့် သုံးစွဲသည့် ပုံစံပြောင်းသွားပြီး ခေတ်မီစတိုင်ကျသည့် ပုံစံအဖြစ် လူငယ်ထုအတွင်း ထိုးဖောက်ဝင်ရောက်လာသည်။ နီကိုတင်းသာမက တခြားဓာတုပစ္စည်းများ၊ အနံ့၊ အရသာများဖြင့် ထုတ်လုပ်ထားသည့် အီးစီးကရက်အမျိုးမျိုးတို့ကို ဈေးကွက်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့်ဝယ်ယူသုံးစွဲနေကြသည်။ တရုတ်၊ မလေးရှား၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့မှထုတ်လုပ်သည့် အီးစီးကရက်တို့ကို ဈေးကြီးကြီးပေးဝယ်ကာ စတိုင်ထုတ်သုံးစွဲခြင်းဖြင့် ခေတ်မီသည်၊ အဆင့်အတန်းရှိသည်ဟု အတွေးမှား၊ အမြင်မှားနေကြခြင်းမှာ ငွေကိုမီးရှို့၍ မိမိကိုယ်ကို အသက်တိုစေခြင်းသာ ဖြစ်ပေသည်။

**နီကိုတင်း အဆိပ်ဖြေနည်း**

ဆေးလိပ်၊ ဆေးရွက်ကြီးမှ နီကိုတင်းဓာတ်က လူ့သက်တမ်းကို တိုစေနိုင်ကြောင်း ကျန်းမာရေးအသိရှိနေကြသော်လည်း လူအများစုက ဖြတ်တောက်ရန် ခက်ခဲနေကြသည်။ ထို့ကြောင့် နီကိုတင်းအဆိပ်များပြေပျောက်စေမည့် အောက်ဖော်ပြပါ အစားအစာများကို စားသုံးနိုင်သည်။

- လက်ဖက်ခြောက်ခတ်ထားသော ရေနွေးပူပူ၊ ပူရှိန်းဓာတ်ပါသော ပီကေ သို့မဟုတ် အချိုဓာတ်လျော့သော ပူရှိန်းသကြားလုံးများ၊ ပူရှိန်းငုံဆေးပြားများက ဆေးလိပ်သောက်ချင်စိတ်ကို ချိုးနှိမ်ကာ ခံတွင်းချဉ်ခြင်းမှလည်း သက်သာစေသည်။
- ရေများများသောက်သင့်သည်။
- ဆေးလိပ်ဖြတ်ခြင်းကို အထောက်အကူပြုသည့် Bupropion (Zyban) နှင့် Varenicline (Chantix) စသည့်ဆေးဝါးများ မှီဝဲသောက်သုံးနိုင်သည်။
- မုန်လာဥနီက ဆေးလိပ်သောက်သုံးသူများနှင့် ရှူရှိုက်မိသူများအတွက် နီကိုတင်းအဆိပ်ငွေ့ ဖြေလျှော့ပေးနိုင်သည်။
- ပန်းဂေါ်ဖီစိမ်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ လိမ္မော်သီး၊ ကီဝီသီး၊ ပန်းသီး၊ တလည်းသီး၊ သံပရာသီး၊ ဘယ်ရီသီးအမျိုးမျိုး၊ ပူဒီနာရွက်၊ ကိုက်လန်၊ ချင်း၊ နန္နင်း၊ ကြက်သွန်ဖြူ၊ လက်ဖက်နှင့် ဟင်းနုနယ်ရွက် စသည်တို့ကလည်း ခန္ဓာကိုယ်တွင်းရှိ နီကိုတင်းအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ဆေးလိပ်ဖြတ်သူတစ်ဦးအနေဖြင့် ၁၂ နာရီအတွင်း သွေးထဲတွင် ကာဗွန်မိုနောက်ဆိုဒ်ပမာဏ ပုံမှန်ဖြစ်သွားပြီး နှစ်ပတ်မှ ၁၂ ပတ်အကြာတွင် အဆုတ်၏ လုပ်ဆောင်မှုများ တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် တစ်နှစ်မှ လေးနှစ်အတွင်း သေဆုံးနိုင်ခြေကို ထက်ဝက်မျှလျှော့ချနိုင်မည်ဖြစ်သည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေရှစ်သန်းမျှ အရွယ်မတိုင်မီ သေဆုံးကြကြောင်း လေ့လာတွေ့ရှိရသည့်အတွက် မိမိနှင့်တကွ မိမိနှင့် အနီးဆုံးလူများကို နီကိုတင်းအဆိပ်သင့်ရောဂါဆိုးများ ကျရောက်လာနိုင်သည်ဟူသော ကျန်းမာရေးအသိတရားဖြင့် ဆင်ခြင်ကြရန် လိုအပ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆိုအရ ကိုဗစ်-၁၉ ရောဂါလူနာများ ရောဂါလက္ခဏာပြင်းထန်စွာခံစားရခြင်းနှင့် သေဆုံးမှုမြင့်တက်ခြင်းတို့သည် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးခြင်းနှင့် ဆက်စပ်မှုရှိသည်ဟု သိရသည်။ နီကိုတင်းအဆိပ်က နှလုံးနှင့် အဆုတ်ရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေသောကြောင့် ဆေးလိပ်ဖြတ်ရန် အကြံပြုရေးသားလိုက်ရပါသည်။

## ၁၀ လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံ ပြောင်းနှင့် နှမ်း စုစုပေါင်းတန်ချိန် နှစ်သန်းကျော်တင်ပို့ထား

ရန်ကုန် မတ် ၁၂

ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း စုစုပေါင်းတန်ချိန် နှစ်သန်းကျော် တင်ပို့ထားကြောင်း သိရသည်။

" လက်ရှိ ပြည်ပကို ပဲမျိုးစုံ၊ ပြောင်းနဲ့ နှမ်း စုစုပေါင်းတန်ချိန် ၂ ဒသမ ၄ သန်းအထိ တင်ပို့ထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီဘဏ္ဍာနှစ်အတွင်းမှာ ပြည်ပကို ပဲမျိုးစုံ၊ ပြောင်းနဲ့ နှမ်း စုစုပေါင်းတန်ချိန် ၃ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ တန်ချိန် ၂ ဒသမ ၄ သန်းကျော် တင်ပို့ပြီးဖြစ်၍ ရည်မှန်းချက်ပြည့်မီရန်အတွက် တန်ချိန် ၇၅၀၀၀၀ ခန့်သာ တင်ပို့နိုင်ရန် လိုအပ်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွက် နိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်များဖြစ်သည့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

ဆက်လက်၍ ယခုဘဏ္ဍာနှစ်အတွက် ကျန်ရှိသည့်နှစ်လတွင် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါး ထပ်မံရရှိနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

ဖြူဖြူ

## ကိုယ်ဝန်ဆောင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် အလုံမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို မတ်လ ၁၁ ရက်က အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသဇင်ခိုင်၏ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက လစဉ်ဆောင်ရွက်လျက်ရှိသော ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအား Fixed session ဖွင့်လှစ်၍ ဆောင်ရွက်ခဲ့ပြီး ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ အာဟာရအုပ်စုများအကြောင်းနှင့် သန်ချဆေးတိုက်ကျွေးရသည့်အကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်နှင့် ကာကွယ်ဆေးဖြင့် ကာကွယ်ရသောရောဂါများအကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးအကြောင်းများအား အသိပညာပေးခြင်းနှင့် ကလေး ၃၅ ဦး၊ ကိုယ်ဝန်ဆောင်နှစ်ဦးတို့အား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

ရွှေလုံသား

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၅၁၂၀ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ မတ် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၅၁၂၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။



"နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ သီးနှံအရည်အသွေးကောင်းမွန်အောင် GAP နည်းစနစ်နဲ့စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်ကြဖို့စတဲ့အသိပညာပေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင်ပွင့်ဖြူမြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူများကို အထွက်နှုန်းကောင်းမွန်သောမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်

ညောင်ဦး မတ် ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ အများပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ မတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော တပ်ဖွဲ့ဝင်ရှစ်ဦးတို့က ရုံးအဆောက်အအုံ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်း၊ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ 191 Report Application အကြောင်း ရှင်းလင်းပြောကြားခြင်းနှင့် မိမိတို့၏လက်ကိုင်ဖုန်းများတွင် ထည့်သွင်းအသုံးပြုကြစေရေးစည်းရုံးပြောကြားခြင်းများကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဆီမီးလောင်မှုအား လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ကြကြောင်း သိရသည်။

ဒီပါလင်း

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## တပ်တော်ဝင်ပွဲ ဆင်ယင်နွှဲ

✤ တက်နိုင်လျှင် ထိပ်ဖျားရောက်
အံ့လောက်တဲ့ ပညာပင်။
တပ်မတော်(လေ) စွမ်းအင်များ
ထူးခြားကျွမ်းကျင်။
အရည်အချင်းနှင့် ပညာရှင်
လျင်မြန်လို့ လှုပ်ရှား။
တိုက်ပွဲမှာ အောင်နိုင်ရေး
မျှော်တွေးစစ်ကစား။

✤ နိုင်ငံတော်ကို ကာကွယ်ထား
မြင့်မားတဲ့ ဂုဏ်သိက္ခာ။
ကြည်း ရေ လေ ညီနောင်ထု
အောင်မြင်မှုပါ။
ပြည့်အင်အားသည်သာ
ပိုင်ဆိုင်ရာ တန်ဖိုးမြတ်။
အားလုံးညီ စုပေါင်းအားရဲ့
ကြိုးစားရလဒ်။

✤ တပ်တော်ဝင် သဘင်ပွဲ
ဆင်ယင်နွှဲ မင်္ဂလာ။
နည်းပညာ ယနေ့ခေတ်
ဆန်းသစ်ထွင်ကာ။
အုပ်ချုပ်ထောက်ပံ့ လျင်မြန်စွာ
စက္ကန့်မှာ တန်ဖိုးရှိ။
အတတ်ပညာ ပိုမိုတိုးအောင်
ကြိုးစားကြ၏။

✤ ခေတ်မီစွာ တိုးတက်ရေး
ဆောင်ရွက်ပေး တပ်မတော်။
ပြည့်ဂုဏ်ထည် ကာကွယ်မှု
ပြည်သူ့အတွက်နော်။
တွဲလက်တို့ ခိုင်မြဲသော်
ရန်သူပေါ် အနိုင်နွှဲ။
ပြည်သူတွေ စိတ်ဆန္ဒ
ပြည့်ဝမည်မလွဲ။

✤ တပ်မတော်(လေ) တပ်တော်ဝင်ပွဲ
အောင်မြင်နွှဲ ပြည်မြန်မာ။
တိုက်စွမ်းရည် တိုက်စွမ်းအား
မြင့်မားသေချာ။
နိုင်ငံ့ဂုဏ်တင့် မြင့်စေမှာ
အချုပ်အခြာ တည်တံ့ခိုင်မြဲရေး။
ထွန်းတောက်ကာ အောင်မြင်မှုကို
ဂုဏ်ပြုတယ်လေး။ ။

မန္တလာကိုကိုဝင်း




# ဒေသတွင်း ဒစ်ဂျစ်တယ်နည်းပညာနှီးနှောဖလှယ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်



**နေပြည်တော် မတ် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဆောင်ရွက်သည့် "ဒေသတွင်း ဒစ်ဂျစ်တယ်နည်းပညာနှီးနှောဖလှယ်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ကျင်းပသည့် "ဒေသတွင်း ဒစ်ဂျစ်တယ်နည်းပညာနှီးနှောဖလှယ်ပွဲ" သည် အသေးစားနှင့်အငယ်စားစက်မှုလုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်းစီမံကိန်းအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်း၏အဓိကလုပ်ငန်းစဉ်များတွင် အသေးစားစက်မှုလုပ်ငန်းများလွယ်ကူလျင်မြန်စွာ လုပ်ငန်းမှတ်ပုံတင်နိုင်ရန်အတွက် အွန်လိုင်းမှတ်ပုံတင်ပလက်ဖောင်းတစ်ခုတည်ထောင်ခြင်းနှင့် အသေးစားစက်မှုထုတ်ကုန်များအတွက် ဒစ်ဂျစ်တယ်ဈေးကွက် (e-commerce) ပလက်ဖောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများပါဝင်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာသည် စီးပွားရေးလုပ်ငန်းများအောင်မြင်ရေးအတွက် လိုအပ်သည့်ပညာရပ်တစ်ခုဖြစ်ပြီး မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို စဉ်ဆက်မပြတ်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု Video Clip အား ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ UMFCCI မှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံမှပညာရှင်များက MSME လုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် အဓိကဆောင်ရွက်နေမှုများ၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့်ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် လက်တွေ့အောင်မြင်နေသည့်လုပ်ငန်းများအကြောင်းကို မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**ရန်ကုန် မတ် ၁၂**


၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာစစ်ဌာန ၁၁၁ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုကြသည်။

ယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ၂၀၇၅၇ ဦး၊ ကျောင်းသူ ၂၆၀၄၉ ဦးဖြင့် စုစုပေါင်း ၄၆၈၀၆ ဦးဖြေဆိုခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၉၅ ဒသမ ၀၃ ရာခိုင်နှုန်းဖြေဆိုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုရန် ဝင်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ တစ်ပါတည်းပါရှိရန်နှင့်စာဖြေရန် အထောက်အကူပြုပစ္စည်းများယူဆောင်ရန် တာဝန်ကျ ဆရာ၊ ဆရာမများက သတိပေးကြပြီး စာမေးပွဲဖြေဆိုခွင့်ကတ်မေ့ကျန်ခဲ့သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သူများကို တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ စာစစ်ဌာနများအလိုက် ဆောင်ရွက်ပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခု၊ မြို့နယ် ၄၅ မြို့နယ်ရှိ စာစစ်ဌာန ၁၁၁ ခုဖွင့်လှစ်ထားရာ စာစစ်ဌာန ၁၀၇ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ၊ စာစစ်ဌာနလေးခု၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုလျက်ရှိပြီး အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာန၌ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ ၃ ဦးဖြင့် စုစုပေါင်း ၃၆ ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျောင်းသား ၁ ဦး၊ ကျောင်းသူ ၁ ဦးနှင့် မြောက်ဥက္ကလာပဆေးရုံကြီး၌ကျောင်းသား ၂ ဦး၊ ကျောင်းသူ ၃ ဦး စုစုပေါင်း ၇ ဦး ဖြေဆိုမှုရှိကြောင်း သိရသည်။

**သတင်း-ညိမ်းသူ၊ ဓာတ်ပုံ - ကနူးသီဟ**



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၂၁°c | / | ၃၇°c |
| ရန်ကုန် | ၂၁°c | / | ၃၆°c |
| မန္တလေး | ၂၅°c | / | ၃၇°c |

| လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဖိုးတန်ရေချိုကို ချွေတာကြပါစို့ |
| --- | --- |

▲ **ကျောဖုံးမှအဆက်**

ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းမှာ နောက်ကျအနိုင်ဂိုးနဲ့ မဟာယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးသွင်းယူကာ အနိုင်ရရှိသွားသည်။

ပထမပိုင်းပွဲစသည်နှင့်ရှမ်းယူနိုက်တက်အသင်း ဘောလုံးပိုင်ဆိုင်မှုယူကာ ပွဲကိုဦးဆောင်ကစားခဲ့ပြီး မဟာယူနိုက်တက်နောက်တန်းကစားသမားများနှင့် ဂိုးသမားအောင်ကိုလတ်တို့ ဟန့်တားကာကွယ်နိုင်မှုကြောင့် ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းတော့ မရှိခဲ့ပေ။ လက်ကျန်ပွဲစဉ်များအနိုင်ရရှိမှသာ ချန်ပီယံဖြစ်ခွင့်ရမည့်ရှမ်းယူနိုက်တက်အသင်းနိုင်ပွဲရရှိရေး တိုက်စစ်အားမလျော့ဘဲ ပြိုင်ဘက်ကို ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၂၂ မိနစ်တွင် ရဲရင့်အောင်ရဲ့ ပေးပို့မှုကနေ ခွန်ကျော်ဇင်ဟိန်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းရဲ့ တိုက်စစ်ကြောင့် ပွဲကစားချိန် မိနစ် ၃၀ နောက်ပိုင်း မဟာယူနိုက်တက်အသင်းခံစစ်ကစားခဲ့ရပေမယ့် ရှမ်းယူနိုက်တက်အသင်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိဘဲ ၁ ဂိုး ဂိုးမရှိဖြင့်ပင် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် ရှမ်းယူနိုက်တက်အသင်းလူစားလဲတိုက်စစ်အားမြှင့်ခဲ့သလို မဟာယူနိုက်တက်အသင်းကလည်း ချေပဂိုးရရှိရေး လူစားလဲမှုများဖြင့် ပွဲကိုဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပွဲကစားချိန် ၆၃ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းမှ ခွန်ကျော်ဇင်ဟိန်း၊ စအောင်ပြည့်ကို၊ ရဲရင့်အောင်တို့ ပြိုင်ဘက်ဂိုးဧရိယာအတွင်း အနီးကပ်ပိတ်သွင်းခွင့်ရခဲ့ပေမယ့် မဟာယူနိုက်တက်နောက်တန်းနှင့် ဂိုးသမားတို့ အသည်းအသန်ဖျက်ထုတ်ကာကွယ်နိုင်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း ဒုတိယဦးဆောင်ဂိုးရရှိမယ့်အနေအထားမှ ကပ်လွဲခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းတိုက်စစ်အားကောင်းသလို မဟာယူနိုက်တက်အသင်းရဲ့ တန်ပြန်တိုက်စစ်သည်လည်း လျင်မြန်မှုရှိပြီး ဂိုးခြိမ်းခြောက်မှုများအထိရှိခဲ့ရာ ပွဲကစားချိန် ၆၅ မိနစ်တွင် အီဒူဘက်ပက်ထရစ်က ပြိုင်ဘက်ဂိုးဧရိယာပြင်ပကနေကန်သွင်းပြီး ချေပဂိုးသွင်းယူနိုင်ခဲ့၍ ပွဲကပို၍ပြိုင်ဆိုင်လာခဲ့သည်။ ချေပဂိုးရရှိခဲ့သည့် မဟာယူနိုက်တက်အသင်း စိတ်အားတက်ကြွကာ ဦးဆောင်ဂိုးထပ်မံရရှိရေး တိုက်စစ်အားမြှင့်လာခဲ့သလို ရှမ်းယူနိုက်တက်အသင်းကလည်း နောက်ဆုံးအချိန်အထိ တိုက်စစ်အားမလျှော့ဘဲဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၇၇ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းရဲ့ တိကျတဲ့ပေးပို့မှုကနေ လူစားဝင်ကစားသမား စအောင်ပြည့်ကိုက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကိုသွင်းယူပေးနိုင်ခဲ့၍ ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းမှာ နောက်ကျအနိုင်ဂိုးနဲ့ မဟာယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိသွားသည်။

**ဝန်းရံခ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၆) ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၆)၌ အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီး၍ တတိယအကြိမ်လွှတ်တော် ခေါ်ယူထားပြီးဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးများကျင်းပခြင်းနှင့်အတူ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ထမ်းဆောင်နိုင်ရန် စနစ်တကျလွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာ့ မျက်နှာစာသစ်ဖိုရမ်ကို မတ်လ ၁၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖိုရမ်ကို ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အမြင်ကျယ်ကျယ်ဖြင့်ရှုမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အတွေးအမြင်သစ်၊ အခင်းအကျင်းသစ်တို့ဖြင့် ကြိုတင်သိမြင်ပြီး နိုင်ငံအကျိုး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်များတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရသကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအတွင်းသို့ တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သူများသည် တစ်ဖက်နိုင်ငံများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်လာကြသည်များရှိကြောင်း၊ ထိုသို့ နယ်စပ်ဖြတ်ကျော်၍ တရားမဝင်ရောက်ရှိလာကြသူများကိုလည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျစစ်ဆေး၍ ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထား၍ ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်မှ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

နိုင်ငံတော်တွင် **“စားရေရိက္ခာဖူလုံပိုလျှံရေး”** ကို နိုင်ငံတော်အကြီးအကဲက အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ (Agro-based Industrialization) ပေါ်ထွန်းလာရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် သီးထပ်စွမ်းအား ရာနှုန်းပြည့်ရရှိရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသန္တရ ကြက်၊ ဝက်၊ နွားများကို မိရိုးဖလာနည်းဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် ပမာဏတိုး၍ မွေးမြူသွားပါက ဒေသ၏စားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် အသုံးပြုကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ အရည်အသွေးမီထုတ်လုပ်ရရှိနိုင်ရန်နှင့် လုပ်ငန်းများကို ပိုမိုမြင့်မားစွာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ယခုထက်ပိုမိုချိတ်ဆက်ရောင်းချနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာ၌ အောင်မြင်လျက်ရှိပြီး စီးပွားရေးတိုးတက်မှု ရာခိုင်နှုန်းများလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံ့စီးပွားရေးအပြင် ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အခြေခံပညာအတန်းများအလိုက် တန်းစဉ်ကူးပြောင်းမှုများ စနစ်တကျရှိစေရေးနှင့် ကျောင်းများ ရာနှုန်းပြည့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ လုပ်ငန်းခွင်အထောက်အကူပြု ပညာရေးစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ၏ သင်ကြားရေးပိုင်းဆိုင်ရာနည်းစနစ်များ (Teaching Method)ကိုလည်း ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ပုဂ္ဂလိကပညာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့်အတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အကြီးအကဲမှ **“လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ”** ဆိုသည့် မူဝါဒကို ချမှတ်ပေးထားသည့်အတွက် ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ မြင့်မားလာစေရန်နှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ခေတ်နှင့်အညီ ရောဂါရှာဖွေရေးနည်းစနစ်များ၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ မြို့ရွာတိုင်းတွင် စိမ်းလန်းသောနယ်မြေ (Green Zone Area) များကို မဖြစ်မနေ သတ်မှတ်ဖော်ဆောင်ခြင်း၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ခြင်းနှင့် မြေပေါ်မြေအောက် သယံဇာတများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဌာနအလိုက် လုပ်ငန်းစီမံကိန်းများ လျာထားဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ အရည်အသွေးပြည့်ဝစေရေး၊ အလေအလွင့်မရှိစေရေး၊ ပြည်သူလူထုအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေရေးနှင့် အမှန်တကယ်အကျိုးရှိပြီး ထိရောက်မှုရှိ၊ မရှိစသည့် အချက်များကိုလည်း အဓိကထားစစ်ဆေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးရလဒ်ကောင်းများရရှိစေမည့် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်နေသည့် အရှေ့အလယ်ပိုင်း ပင်လယ်ကွေ့ပဋိပက္ခကြောင့် ကမ္ဘာ့လောင်စာဆီအကျပ်အတည်းကာလကို ကျော်လွှားနိုင်ရန် စက်သုံးဆီချွေတာသုံးစွဲရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူသို့ အသိပေးကြေညာချက်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါထုတ်ပြန်ချက်နှင့်အညီ စည်းကမ်းတကျဖြစ်စေရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ကူညီကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။

ယခင်နှစ် သင်္ကြန်ပွဲတော်ကို သဘာဝဘေးဒဏ်ကြောင့် သာမန်မျှသာဖြတ်သန်းခဲ့ကြရကြောင်း၊ ယခုနှစ်သင်္ကြန်ကို စည်စည်ကားကားဖြင့် ရိုးရာသင်္ကြန်ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ထားရှိကြောင်း၊ ယခုချိန်တွင် အခြေအနေအချိန်အခါနှင့် ကိုက်ညီသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးစီစဉ်ဆောင်ရွက်နိုင်ပါကြောင်း။

ယခုအခါ နွေဦးရာသီသို့ရောက်ရှိလာပြီဖြစ်၍ ပြည်သူလူထုအတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် သတိမူရေးနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများကို စက်ရုံ၊ လုပ်ငန်း၊ ရုံး၊ ဈေးအပြင် အိမ်ရာရပ်ကွက်များတွင်လည်း စနစ်တကျထားရှိလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စိမ့်ဝင်ပျံ့နှံ့စေရေးတို့အတွက် နိုင်ငံပိုင်ရုပ်သံမီဒီယာ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် လှုံ့ဆော်အသိပညာပေးရေးအစီအစဉ်များကိုလည်း သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲရလဒ်များကို မတ်လ ၁၆ ရက်တွင် စတင်ထုတ်ယူနိုင်မည်

ရန်ကုန် မတ် ၁၂

၂၀၂၅ ခုနှစ် ဒီဇင်ဘာလကဖြေဆိုခဲ့သော ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲရလဒ်များကို မတ်လ ၁၆ ရက်တွင် စတင်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှသိရသည်။

သင်တန်းကျောင်းများအနေဖြင့်လည်း ကျောင်းသားများအတွက် စုပေါင်းထုတ်ယူမည်ဆိုပါက ကျောင်းသားစာရင်း၊ Test Voucher မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများကို ပြည့်စုံစွာယူဆောင်လာရမည်ဖြစ်ကြောင်း၊ ရန်ကုန်စာဖြေဌာန၌ လျှောက်ထားသူများအနေဖြင့် မတ်လ ၁၆ ရက်မှ ၂၂ ရက်အထိ(ပိတ်ရက်မရှိ) ရန်ကုန်ပညာရေးတက္ကသိုလ်၌ ထုတ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် မတ်လ ၂၂ ရက်နောက်ပိုင်းတွင် သဃ်ာန်းကျွန်းမြို့နယ်ရှိ JLPT Centre ၌ ထုတ်ယူနိုင်ကြောင်း သိရသည်။

မန္တလေးစာဖြေဌာန၌ လျှောက်ထားသူများအနေဖြင့် မတ်လ ၁၆ ရက်မှ ၂၂ ရက်အထိ ပိတ်ရက်မရှိ MAJA Office (Mandalay Branch)၌ ထုတ်ယူနိုင်မည်ဖြစ်ပြီး မတ်လ ၂၂ ရက်နောက်ပိုင်းတွင် တနင်္လာနေ့မှ သောကြာနေ့အတွင်း ထုတ်ယူနိုင်ကြောင်းသိရသည်။

ဖြိုးဖြိုး

# မိုးထက်ဝလာ အာကာပြင် တပ်တော်ဝင်အောင်ပွဲသဘင်

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် တပ်မတော်သည်လွတ်လပ်ရေးနှင့်အတူ ပြည်သူကြားက ပေါက်ဖွားလာသည့်မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ တပ်မတော်ဟုဆိုလိုက်သည်နှင့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေးတပ်ပေါင်းစုကိုဆိုလိုခြင်းဖြစ်ကြောင်းသိရှိကြသည်။ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်သကဲ့သို့ အဆိုပါ တပ်ပေါင်းစုသည်လည်း တပ်မတော်၏အစိတ်အပိုင်းများဖြစ်သည်။ နိုင်ငံတော်အတွက် ကာကွယ်ရေးတပ်ပေါင်းစုသည် အစဉ်အမြဲအင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်ပြည့်ဝနေရမည်ဖြစ်သည်။

**➡➡➡ တပ်မတော်(လေ)ကို ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ကာ ခေတ်မီပြီးစွမ်းရည်ထက်မြက်အင်အားတောင့်တင်းခိုင်မာသည့် လေတပ်တစ်ခုအဖြစ် အဆင့်ဆင့်တည်ဆောက်လျက်ရှိရာ ယခုအခါ မြန်မာ့ဝေဟင်ပိုင်နက်တစ်ခုလုံးကို အလုံးမီစိုးမိုးနိုင်ရန်ဖြန့်ကြက်ချထားနိုင်ပြီဖြစ် . . .**

နိုင်ငံတိုင်းတွင် တပ်မတော်သည် မရှိလျှင်လုံးဝမဖြစ်သည့် အဖိုးမဖြတ်နိုင်သောရတနာတစ်ပါးဖြစ်ပေရာ မြန်မာနိုင်ငံအတွက် မြန်မာ့တပ်မတော်သည်လည်းမရှိလျှင်မဖြစ်သည့်ရတနာဖြစ်သည်။ လူသားရေစီးကြောင်းတွင် တပ်မတော်သားတို့သည်လည်း လိုက်ပါစီးဆင်းနေကြရသည်ဖြစ်ရာ ပြုလုပ်ဆောင်ရွက်နိုင်သောစွမ်းရည်ဆိုသည့်အရည်အချင်းနှင့် ကျောက်မျက် စသည်တို့၏အရောင်အဆင်းကဲ့သို့ ပြည့်ဝနေသောအရည်အသွေးများရှိနေကြရမည်ဖြစ်သည်။ တပ်မတော်သားတို့၏အရည်အချင်းနှင့် အရည်အသွေးများပြည့်ဝကောင်းမွန်နေလျှင် နိုင်ငံတော်ကာကွယ်ရေးမှာ အားမာန်ပြည့်ဝနေမည်ဖြစ်သည်။

လူသားများတွင် အရည်အချင်း၊ အရည်အသွေးရှိနေသကဲ့သို့ လူသားတို့အသုံးပြုရမည့် အထောက်အကူပစ္စည်း၊ လက်နက်/ခဲယမ်း၊ ယာဉ်ယန္တရား စသည်တို့မှာ ခေတ်နှင့်အညီ ခေတ်မီနေရေးကို မျှော်တွေးကြိုးပမ်းကြရမည်ဖြစ်သည်။ တပ်မတော်နှင့်ပတ်သက်လာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မဖြစ်မနေပြည့်ဝအောင်လုပ်ဆောင်ရမည့်အချက်ကိုပြဋ္ဌာန်းထားရှိသည်။ ၎င်းမှာ **“တပ်မတော်သည်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”** ဟူ၍ ပုဒ်မ ၂၀(က)တွင်ပြဋ္ဌာန်းထားခြင်းဖြစ်ပေရာ အဆိုပါပြဋ္ဌာန်းချက်ပြည့်မီရေးကို တပ်မတော်ကကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကြိုးပမ်းဆောင်ရွက်ချက်များတွင် **“တပ်တော်ဝင်ခြင်း”** သည်လည်းပါဝင်သည်။ ၂၀၂၆ ခုနှစ် မတ်လ ၈ ရက်က တပ်မတော်(ရေ)စစ်ရေယာဉ်များ တပ်တော်ဝင်အခမ်းအနားကိုကျင်းပခဲ့သည်။ ယခု မတ်လ ၁၂ ရက်တွင် တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များတပ်တော်ဝင်ခြင်းကိုဆောင်ရွက်ခဲ့ပြီဖြစ်သည်။ တပ်တော်ဝင်အခမ်းအနားမှန်သမျှမှာ နိုင်ငံနှင့်လူမျိုးကောင်းကျိုးအတွက်ဆောင်ရွက်မည့် လေယာဉ်/ ရဟတ်ယာဉ်အသစ်များပေါ်ထွန်းလာခြင်းဖြစ်၍ဝမ်းမြောက်ဝမ်းသာဂုဏ်ယူရမည့်ကိစ္စဖြစ်သည်။ တပ်မတော်(လေ)မှ တပ်တော်ဝင်ခြင်းနှင့်ပတ်သက်၍ လေ့လာမိသမျှပြောရလျှင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း တပ်မတော်ပိုင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းကို ၁၅ ကြိမ်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယခုအကြိမ်သည် (၁၆)ကြိမ်မြောက် တပ်တော်ဝင်ခြင်းဖြစ်သည်။ တပ်မတော်သို့ လေယာဉ်/ရဟတ်ယာဉ်အသစ်များအင်အားဖြည့်တင်းပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ရှိပြီးသားလေယာဉ်/ရဟတ်ယာဉ်များကို စွမ်းရည်ပိုမိုတိုးတက်ကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ လေယာဉ်/ရဟတ်ယာဉ်များ အသစ်ထပ်မံဖြည့်တင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို များစွာအထောက်အကူဖြစ်စေခဲ့သည့်အပြင် မြန်မာ့ဝေဟင်ပိုင်နက်စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ပြီဖြစ်သည်။

တပ်မတော်(လေ)အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုပြည့်ဝအောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေး လေယာဉ်/ရဟတ်ယာဉ်များမှာ အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ တပ်မတော်(လေ) အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေး လေယာဉ်/ ရဟတ်ယာဉ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် အထောက်အကူပြုစွမ်းဆောင်ပေးလျက်ရှိသည်။

လတ်တလောကာလ နိုင်ငံတကာတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသာမက ပြည်တွင်းတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အခြေအနေအရပ်ရပ်များတွင်ပါ လေယာဉ်/ရဟတ်ယာဉ်များ၊ ဒရုန်းနှင့်ယူအေဗွီများအပါအဝင် လေကြောင်းစွမ်းအားအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်လာသည်ကို တွေ့ရှိရသည်။ နိုင်ငံအသီးသီးသည် လေတပ်အပါအဝင် လေကြောင်းစွမ်းအားထုတ်လုပ်ဖြန့်ကြက်ပေးနိုင်သည့် တပ်ဖွဲ့အမျိုးမျိုးကို အင်အားတိုးတက်ရုံသာမက ခေတ်မီအဆင့်မြင့်စေရန်အတွက်ပါ တတ်စွမ်းသမျှကြိုးပမ်းလုပ်ဆောင်နေကြသည်။

မြန်မာနိုင်ငံသည်ပထဝီတည်နေရာအရ အချက်အချာကျသည့်နေရာတွင်တည်ရှိသည်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိနေသည့်အပြင် တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်စပ်ပေးထားသည့်နေရာဒေသလည်းဖြစ်သည်။ ရေကြောင်းအနေဖြင့်ကြည့်ပါကလည်း ဖြတ်သန်းသွားလာမှုအများဆုံး ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းများနှင့် နီးကပ်စွာတည်ရှိလျက်ရှိသည်။ ထို့ပြင် သဘာဝသယံဇာတအမျိုးမျိုးပေါကြွယ်ဝသည့်ရေပြင်ပိုင်နက်နှင့်သီးသန့်စီးပွားရေးဇုန်တို့ကို ကျယ်ပြန့်စွာပိုင်ဆိုင်ထားသည်။

ပြည်တွင်းပထဝီအနေအထားကလည်း တောတောင်ထူထပ်ပြီး မြစ်ချောင်းအင်းအိုင်များပေါများစွာတည်ရှိနေသည့်အတွက် သာမန်သွားလာကူးသန်းရန် အကန့်အသတ်များရှိနေသည်။ ပထဝီနိုင်ငံရေးအရရော နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့်အခြေအနေများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ယခုအခြေအနေများထဲက မိမိနိုင်ငံအတွက် ကောင်းကျိုးများအပြည့်အဝရရှိခံစားအသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ရမည်ဖြစ်သည်။ တပ်မတော်(လေ)သည်မိမိတို့နိုင်ငံ၏လေကြောင်းစွမ်းအားအရင်းအမြစ်များအနက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် လက်ရှိနိုင်ငံတော်အကြီးအကဲအနေဖြင့် တပ်မတော်(လေ)ကို အင်အားတောင့်တင်းခိုင်မာစေရေးနှင့် ခေတ်မီစေရေးအတွက် ရေတိုရေရှည်တွက်ဆဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သက်တမ်း ၇၈ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါကာလအတွင်း၌ တပ်မတော်(လေ)သည် တပ်မတော်၏အဓိကအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပေးအပ်လာသည့်တာဝန်အမျိုးမျိုးကို အစွမ်းကုန်ကျေပွန်ပြီးမြောက်အောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည်။ လက်ရှိတွင်လည်း တပ်မတော်(လေ)သည် မိမိတွင်ရရှိပိုင်ဆိုင်ထားသည့်လေကြောင်းစွမ်းအားအရင်းအမြစ်များကို အကျိုးအရှိဆုံးအသုံးချကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်ထိရောက်စွာ ထမ်းဆောင်လျက်ရှိသည်။

**➡➡➡ တပ်မတော်(လေ)အနေဖြင့် ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံးအသုံးချနိုင်စေရေး၊ စွမ်းအားပြည့်ဝသော ခေတ်မီတပ်မတော်(လေ)ဖြစ်စေရေး၊ လေယာဉ်/ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် လက်နက်စနစ်များကို စွမ်းအားပြည့်ထိထိရောက်ရောက်အသုံးပြုတိုက်ပွဲဝင်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်ခြင်း၊ သုတေသနပြုစမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှုမရှိအောင်အလေးထားလုပ်ဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့်အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး(၃)ရပ်ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ် . . .**

ထိုသို့ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်(လေ)၏အဓိကမဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်သည့် ပျံသန်းရေးကဏ္ဍမှလေသူရဲနှင့် လေယာဉ်သားများ၊ စက်မှုလက်မှုကဏ္ဍမှ အင်ဂျင်နီယာနှင့် ကျွမ်းကျင်ပညာသည်များ၊ အုပ်ချုပ်ရေးကဏ္ဍမှ အုပ်ချုပ်ထောက်ပံ့မှုနှင့်ရုံးလုပ်ငန်းဆိုင်ရာ ပညာသည်များနှင့်စာရေးများ ဟန်ချက်ညီပူးပေါင်းလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ လာမည့်အနာဂတ်တွင်လည်း ယခုတပ်တော်ဝင်ပေးသည့် လေယာဉ်/ရဟတ်ယာဉ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချ၍ ဟန်ချက်ညီပူးပေါင်းကြိုးစားလုပ်ဆောင်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။

တပ်မတော်(လေ)ကို ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ကာ ခေတ်မီပြီးစွမ်းရည်ထက်မြက်အင်အားတောင့်တင်းခိုင်မာသည့်လေတပ်တစ်ခုအဖြစ် အဆင့်ဆင့်တည်ဆောက်လျက်ရှိရာ ယခုအခါ မြန်မာ့ဝေဟင်ပိုင်နက်တစ်ခုလုံးကို အလုံးမီစိုးမိုးနိုင်ရန် ဖြန့်ကြက်ချထားနိုင်ပြီဖြစ်သည်။ စွမ်းဆောင်ရည်ပိုင်းတွင်လည်း သောင်းကျန်းမှုနှိမ်နင်းရေးလေတပ်အဆင့်မှ နည်းဗျူဟာမြောက်လေတပ်တစ်ခုအဖြစ် တိုးတက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိဆင်နွှဲနေသည့်အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများတွင် တပ်မတော်(လေ)အနေဖြင့် နိုင်ငံအနှံ့ပျံသန်းစစ်ဆင်မှုများ ထိထိရောက်ရောက်ဆောင်ရွက်ကာ အထောက်အကူပြုလျက်ရှိသည်။ တပ်မတော်(လေ)အနေဖြင့် တိုက်စွမ်းရည် တိုက်စွမ်းအားပြည့်ဝကောင်းမွန်ပြီး **“တောင်ပံဖြန့်ချီအောင်ပွဲဆီသို့”** ဆိုသည့်အတိုင်း အောင်မြင်မှုများရရှိနေသည်မှာ ပြည်သူများအတွက် ဝမ်းသာအားရကျေနပ်ဖွယ်ကောင်းသည့်ရလဒ်ကောင်းများဖြစ်သည်။

လေကြောင်းစွမ်းအားအရင်းအမြစ်များသည် နည်းပညာတိုးတက်ပြောင်းလဲမှုအပေါ် အဓိကတည်မှီနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ တပ်မတော်(လေ)အနေဖြင့် စွမ်းဆောင်ရည်အစဉ်ကောင်းမွန်နေရန် နည်းပညာတိုးတက်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ်လေ့လာရမည်ဖြစ်သည်။ သိပ္ပံပညာထွန်းကားမှုကြောင့် စစ်မှုအတတ်ပညာများလည်းပြောင်းလဲတိုးတက်နေသည်။ စစ်မှုအတတ်ပညာတိုးတက်မှုနှင့်အညီ စစ်နည်းဗျူဟာ၊ စစ်မဟာဗျူဟာနှင့် စစ်အခြေခံသဘောတရားများလည်း ပြောင်းလဲလျက်ရှိသည်။ ခေတ်နှင့်အညီရင်ပေါင်တန်းနိုင်ရန်အတွက် တပ်မတော်(လေ)မှ စစ်သည်တော်များသည် လေ့လာဆည်းပူးလေ့ကျင့်ပွားများနေကြရမည်ဖြစ်သည်။ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆောင်ပုဒ်နှင့်အညီ နေထိုင်ကျင့်သုံးပြီး **“အမြဲလေ့ကျင့်၊အမြဲစစ်ရေးသတိရှိ၊ အမြဲတိုက်ပွဲဝင်အသင့်ရှိ”**နေကြရမည်ဖြစ်သည်။

**စာမျက်နှာ ၁၃ သို့ ❐**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားဗီဇ** — ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** — တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** — စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** — ပဉ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** — ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** — ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** — တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** — စတုတ္ထဆု
ကေသီအောင်

၅။ **တုနှိုင်းမဲ့စစ်သည်တွေ** — ပဉ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** — ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** — ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ပည်းမော်ကွန်း** — တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** — စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** — ပဉ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** — ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** — တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** — စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** — ပဉ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** — ပထမဆု
မနော်ဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** — ဒုတိယဆု
မနော်သစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** — တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** — စတုတ္ထဆု
မောင်အေးချမ်း(ခနုဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** — ပဉ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုံကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** — ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** — တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** — စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** — ပဉ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** — ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** — ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** — တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** — စတုတ္ထဆု
ဟန်ညွှန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** — ပဉ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** — ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** — ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြီးနိုင်** — တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** — စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရှုံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်ဦ** — ပဉ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

❒ စာမျက်နှာ ၁၂ မှအဆက်

ထို့ပြင် တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်/ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားပြီး ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် ပျံသန်းကိုင်တွယ်အသုံးပြုထိန်းသိမ်းပြီး စွမ်းရည်အဆင့်အတန်းမြင့်မားသည့် တပ်မတော်(လေ) ဖြစ်ကြောင်း သက်သေပြကြရမည်ဖြစ်သည်။ နိုင်ငံတကာ ဆက်ဆံရေး၊ ပထဝီနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် သိပ္ပံနှင့်နည်းပညာ အဆင့်မြင့်တိုးတက်လာမှု အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ဖော်ထုတ်ပြီး တပ်မတော်(လေ)၏ တိုက်စွမ်းအားအစဉ်ထိရောက်မြင့်မားနေစေရန်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအကြောင်းအရာများမှာ တပ်မတော်(လေ) လေယာဉ်/ရဟတ်ယာဉ်များတပ်တော်ဝင်ခြင်းအကြောင်းဖြစ်သည်မို့ ဆောင်းပါးခေါင်းစဉ်ကို **"မိုးထက်ဝလာ အာကာပြင်တပ်တော်ဝင် အောင်ပွဲသဘင်"** ဟုအမည်သတ်မှတ်ထားပါသည်။ သဘင်ဆိုသည်မှာ **"အစုအဝေး၊ အခမ်းအနား၊ ပွဲလမ်း"**ဟူ၍ မြန်မာအဘိဓာန်တွင်ဖွင့်ဆိုထားသည်နှင့်အညီ တပ်တော်ဝင် အခမ်းအနားကိုဂုဏ်ပြုခြင်းဖြစ်ပါသည်။

**"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဆိုသည့်အတိုင်း တပ်မတော်အင်အားရှိနေခြင်းကို ပြည်သူလူထုကလိုလားသည်။ တပ်မတော်အင်အားရှိနေမှ တိုင်းပြည်အတွက် အားတက်ဖွယ်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် ရရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံးအသုံးချနိုင်စေရေး၊ စွမ်းအားပြည့်ဝသော ခေတ်မီတပ်မတော်(လေ)ဖြစ်စေရေး၊ လေယာဉ်/ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် လက်နက်စနစ်များကို စွမ်းအားပြည့်ထိထိရောက်ရောက်အသုံးပြုတိုက်ပွဲဝင်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်ခြင်း၊ သုတေသနပြုစမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှု မရှိအောင်အလေးထားလုပ်ဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး (၃)ရပ်ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်စီမံလုပ်ဆောင်ကြရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်တံ့အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဂုဏ်ပြုရေးသားအပ်ပါသည်။ ။

## ပွင့်ဖြူမြို့နယ်၌ ပဲကြီးဧက ၁၁၄၀ ထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၄၀ တင်းထွက်ရှိ

ပွင့်ဖြူ မတ် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး ၄၆၇၅ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ဧက ၁၁၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၀ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ပဲကြီးစိုက်တောင်သူများအနေဖြင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ပဉ္စမအကြိမ် ထောက်ပံ့ငွေပေးအပ်

စစ်တွေ မတ် ၁၂

နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ပဉ္စမအကြိမ်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေရပ်စွန့်ခွာပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ အခမ်းအနားသည် ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာပြည်သူများအား ပဉ္စမအကြိမ်အဖြစ် ၂၀၂၅ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ သုံးလစာအတွက် ထောက်ပံ့ပေးအပ်သည့်အခမ်းအနားဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိနေရပ်စွန့်ခွာပြည်သူများ ၁၁၅၂ ဦးထံသို့ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာပြည်သူများအတွက်ပဉ္စမအကြိမ်ထောက်ပံ့ငွေများအား သုံးလစာအတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့်ထောက်ပံ့နိုင်ရေး မြို့နယ်များသို့ လွှဲပြောင်းပေးထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက နေရပ်စွန့်ခွာပြည်သူများ လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိအောင် သွားရောက်ထောက်ပံ့သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က နေရပ်စွန့်ခွာဝန်ထမ်းများနှင့်နေရပ်စွန့်ခွာပြည်သူများကို ထောက်ပံ့ငွေများပေးအပ်ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၆ ရက်နှင့် ၈ ရက်**တို့တွင် မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် မုံအိုး(၂)လုံး အပါအဝင်ဆက်စပ်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၈၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Crown 2005 Model)

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Alphard 2003 Model)

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင်မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၅ ရက်**တွင် မကွေးမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁ ရက်နှင့် ၆ ရက်**တို့တွင် သာစည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၃ ရက်**တွင် ဘိုကလေးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (သုည ဒသမ ၆၃၆) တန်နှင့် သစ်ခွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်း (၁၀)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်၊ ၃ ရက်၊ ၅ ရက်၊ ၆ ရက်နှင့် ၈ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၃၂၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**မြဝတီ**

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေ ၆၅၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကိုပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ် မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ်လ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေ ၆၅၇၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရှိရသည်။

**မြဝတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၅ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၁၉၅ | ၂၉၁၅ | ၃၃၃၀ | ၂၉၉၀ | ၂၉၅၅ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၉၃၀ | ၃၀၄၅ | ၃၀၁၀ | ၂၉၄၅ | ၃၀၅၀ | ၃၀၆၅ | ၃၀၈၅ | ၃၀၀၀ | ၄၅၆၀ | ၃၂၉၅ | ၃၀၂၀ | ၃၄၇၀ | ၃၀၉၀ | ၃၀၅၅ | ၃၀၇၅ | ၃၃၃၅ |
| HSD (500 ppm) | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | - | ၃၅၇၀ | ၃၂၉၅ | ၄၁၈၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (50 ppm) | ၃၅၆၀ | ၃၆၇၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၈၀ | ၃၆၉၅ | ၃၇၁၅ | ၃၆၃၅ | ၄၈၃၀ | ၃၉၂၅ | ၃၆၅၀ | ၄၂၂၅ | ၃၇၂၀ | ၃၆၈၅ | ၃၇၃၀ | ၃၉၆၅ |
| HSD (10 ppm) | ၃၅၆၀ | ၃၆၇၅ | ၃၆၄၀ | ၃၅၇၅ | ၃၆၈၀ | ၃၆၉၅ | ၃၇၁၅ | ၃၆၃၅ | - | ၃၉၂၅ | ၃၆၅၀ | ၄၂၂၅ | ၃၇၂၀ | ၃၆၈၅ | ၃၇၃၀ | ၃၉၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၂ | ၂၇၄၉ |
| 95 Ron | ၂၇၆၁ | ၂၈၅၀ |
| HSD (500 ppm) | ၃၀၂၇ | ၃၁၁၈ |
| HSD (50 ppm) | ၃၃၇၂ | ၃၄၆၉ |
| HSD (10 ppm) | ၃၃၇၂ | ၃၄၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကျင်းပ




နေပြည်တော် မတ် ၁၂

ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း (Legal Advocacy Center) MOLA Lecture Hall သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးက ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းကို ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော မဟာဗျူဟာစီမံကိန်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန်၊ ဥပဒေအရာရှိကျင့်ဝတ်များနှင့် မျှတသော တရားစီရင်ရေးစံနှုန်းများနှင့်အညီ အမှုလိုက်ပါဆောင်ရွက်နိုင်ရန်၊ အထူးသဖြင့် စွမ်းဆောင်ရည်ပြည့်ဝပြီး အမှုလိုက်ပါဆောင်ရွက်မှုကျွမ်းကျင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကာလမှာ မတ်လ ၆ ရက်မှ ဧပြီလ ၂၉ ရက်အထိဖြစ်ပြီး သင်တန်းပို့ချရက် ၃၇ ရက်နှင့် သင်တန်းချိန် ၂၅၉ ချိန်ဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ




**နံနက်စောစောအိပ်ရာထသူသည်
လန်းဆန်းတက်ကြွသောခံစားမှုကို ရရှိနိုင်သည်။**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ ချောင်းဆုံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများ၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကိုသွားရောက်ကြည့်ရှုအားပေးသည်။



မွန်ပြည်နယ်ရှိ စာစစ်ဌာန စုစုပေါင်း ၃၀ တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၉၃၄ ဦး စာရင်းပေးသွင်းကြပြီး ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ၁၀၅၃၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မော်လမြိုင်တက္ကသိုလ်ရှိ သင်ကြားသင်ယူလျက်ရှိသော ဘာသာရပ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုသည့်သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ အရည်အသွေးအာမခံမှုစနစ်(QA)ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ ဆရာ၊ ဆရာမများအနေဖြင့် AI ကို အကျိုးရှိစွာ အသုံးချနိုင်ရေး လေ့လာဆောင်ရွက်ရန်၊ Library-based learning, Project-based learning နှင့် Research-based learning တို့ကို အမှန်တကယ်ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ တက္ကသိုလ်သန့်ရှင်းသာယာလှပရေးအတွက် ဇုန်များခွဲ၍ ဇုန်အလိုက်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၏တင်ပြချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ ဘာသာရပ်ဆိုင်ရာဌာနများနှင့် သုတေသနစင်တာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပြောကြားသည်။

ယင်းနောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်နှင့် ထားဝယ်ပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# “ပြည်ချစ်သားမွန် တေးသဝဏ်”တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်




နေပြည်တော် မတ် ၁၂

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ မတ်လ ၂၇ ရက်တွင်ကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲကို မတ်လ ၆ ရက်မှ ၂၇ ရက်ထိ ပွဲစဉ်လေးပွဲဖြင့် အပတ်စဉ်သောကြာနေ့ ညတိုင်းဖျော်ဖြေတင်ဆက်လျက်ရှိသည်။

“ပြည်ချစ်သားမွန် တေးသဝဏ်” ပွဲစဉ် (၂)ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဘုန်းသျှံ၊ ရသာရိတ၊ ဇော်ထွေးလတ်၊ လင်းဘုန်းကျော်၊ အိအိလှိုင်၊ ထက်ထက်စိုးစံ၊ ဇင်သူသူအောင်၊ ထွန်းပပအောင်နှင့် အင်ကြင်းနိုင်ဦးတို့က တပ်မတော်၏ ကောင်းမြတ်သောအစဉ်အလာများကို ဖော်ကျူးထားသည့် တေးသီချင်းများ၊ အောင်စစ်သည်များကို ကြိုဆိုဂုဏ်ပြုသည့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ မတ်လ ၁၃ ရက်**(ယနေ့)** သောကြာနေ့ ည ၉ နာရီခန့်၌ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် မတ်လ ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ)လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင်အမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လေယာဉ်များက သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာခဲ့သည့် မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားပြည်သူပေါင်းစုံပါဝင်ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော်၊ ပြည်ထောင်စုတပ်မတော်လည်းဖြစ်ကြောင်း၊ သမိုင်းတစ်လျှောက် တိုင်းပြည်နှင့်လူမျိုးအပေါ် အန္တရာယ်အမျိုးမျိုးကျရောက်လာသည့်အချိန်တိုင်း၊ အချုပ်အခြာအာဏာကို ခြိမ်းခြောက်ထိပါးခံရသည့်အချိန်တိုင်းတွင် တပ်မတော်သည် ပြည်သူရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း။

**အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ထိရောက်အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကို အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝထက်မြက်နေအောင် အစဉ်တည်ဆောက်ထိန်းသိမ်းနေရမည်ဖြစ်**ကြောင်း၊ တပ်မတော်အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝနေမှသာ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နိုင်မည်ဖြစ်ကြောင်းကို ခေတ်အဆက်ဆက်ဖြတ်ကျော်ကြုံတွေ့ခဲ့ရသည့် သမိုင်းအတွေ့အကြုံများက ထင်ထင်ရှားရှားသင်ခန်းစာပေးထောက်ပြလျက်ရှိကြောင်း။

ခေတ်သစ်စစ်ပွဲများနှင့် လတ်တလောဖြစ်ပွားနေသည့် ကမ္ဘာ့အရေးအခင်းများကို လေ့လာကြည့်ပါက လေကြောင်းနှင့်အာကာသစွမ်းအားသည် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအဓိကကျအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိမိတို့၏လေကြောင်းစွမ်းအားကို တတ်နိုင်သမျှ မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း။

> **❖ ခေတ်သစ်စစ်ပွဲများနှင့် လတ်တလောဖြစ်ပွားနေသည့် ကမ္ဘာ့အရေးအခင်းများကို လေ့လာကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးနှင့် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအဓိကကျအရေးပါသည်ကို တွေ့ရှိရမည်ဖြစ် . . .**
>
> **❖ ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မိမိတို့၏လေကြောင်းစွမ်းအားကို တတ်နိုင်သမျှ မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေကြခြင်းဖြစ် . . .**

တပ်မတော်(လေ)သည် နိုင်ငံ၏ လေကြောင်းစွမ်းအား မြင့်မားကောင်းမွန်စေရန် တာဝန်အရှိဆုံးနှင့် အဓိကအကျဆုံးတပ်ဖွဲ့ဖြစ်ကြောင်း၊ လေတပ်အင်အားတောင့်တင်းခိုင်မာနေမှသာ လေကြောင်းစိုးမိုးအရေးသာမှု ရယူထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏အကျိုးစီးပွားကို ထိထိရောက်ရောက်ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားဆိုသည်မှာ လေယာဉ်၊ ရဟတ်ယာဉ်များရှိနေရုံဖြင့် မလုံလောက်သေးဘဲ အထောက်အကူပြုမည့်စနစ်အမျိုးမျိုး၊ ပြုပြင်ထိန်းသိမ်းရေးနှင့်ထောက်ပံ့ဖြည့်တင်းရေးအတွက် စနစ်အမျိုးမျိုး၊ လေ့ကျင့်ရေးစနစ်အမျိုးမျိုး ပြည့်စုံစွာရရှိပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေကြောင်းစွမ်းအားဟန်ချက်ညီ ဘက်စုံတိုးတက်ကောင်းမွန်စေရေး ၂၀၁၁ ခုနှစ်မှစပြီး အဓိကကျသည့် အရင်းအမြစ်အမျိုးမျိုးကို တွက်ချက်သုံးသပ်ဖြည့်တင်းပေးလျက်ရှိကြောင်း။

လေကြောင်းစွမ်းအား ထက်မြက်ကောင်းမွန်နေရေးအတွက် ကိုင်တွယ်အသုံးပြုသူများမှ စွမ်းအားပြည့်အသုံးချပြီး ပိုင်ဆိုင်ထားသည့်အရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ရန် အရည်အသွေးအရည်အချင်းပြည့်ဝကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ မဖြစ်မနေလိုအပ်ကြောင်း၊ ကျွမ်းကျင်မှုရှိပြီး အထိရောက်ဆုံးအသုံးချနိုင်မည့် စစ်သည်တော်များလေ့ကျင့်မွေးထုတ်ရေးအတွက် စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်သွားရန် အထူးမှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များလေ့ကျင့်မွေးထုတ်ပေးရာတွင် လေသူရဲများ၊ လေယာဉ်သားနှင့်ပညာရှင်များ၊ အုပ်ချုပ်မှုပိုင်းအထောက်အကူပေးရမည့် တာဝန်ရှိသူများစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအားလုံးအကျုံးဝင်ကြောင်း။

တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိ၊ စစ်သည်နှင့် အမှုထမ်းတိုင်းသည် နိုင်ငံ့အကျိုးလိုလားပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် တန်ဖိုးရှိလူသားအရင်းအမြစ်များဖြစ်နေကြရန် လိုအပ်သည်ကိုလည်း ပြောကြားလိုကြောင်း၊ သို့မှသာ မည်သို့သောလုပ်ငန်းတာဝန်များကိုမဆို ရဲရဲဝံ့ဝံ့ဖြင့် ကျေကျေပွန်ပွန်ထမ်းဆောင်လိုစိတ် ပြင်းပြနေကြမည်ဖြစ်ကြောင်း၊ **တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ယုံကြည်ချက်ခံယူချက် မွန်မြတ်ကောင်းမွန်စေရေး နိုင်ငံတော်နှင့် တပ်မတော်ဆိုင်ရာသမိုင်းကြောင်းများကို သိရှိလေ့လာကြရန်၊ စာပေဗဟုသုတ ရှာဖွေဆည်းပူးကြရန်တိုက်တွန်းမှာကြားလို**ကြောင်း။

တပ်မတော်(လေ) စတင်ဖွဲ့စည်းတည်ထောင်ခဲ့ချိန်မှစပြီး လက်ရှိကာလအထိ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ခဲ့မှုအပေါ် သုံးသပ်စိစစ်ကြည့်ပါက နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့်တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်မှုများ၊ ပြည်ပကျူးကျော်မှု တွန်းလှန်ချေမှုန်းရေးစစ်ဆင်မှုများတွင် စွမ်းစွမ်းတမံအထောက်အကူပြုတိုက်ပွဲဝင်နိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်အထောက်အကူပြုနိုင်ခဲ့ကြောင်း။

**❖ လေကြောင်းစွမ်းအား ထက်မြက်ကောင်းမွန်နေရေးအတွက် ကိုင်တွယ်အသုံးပြုသူများမှ စွမ်းအားပြည့်အသုံးချပြီး ပိုင်ဆိုင်ထားသည့်အရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ရန် အရည်အသွေး အရည်အချင်းပြည့်ဝကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ မဖြစ်မနေလိုအပ် . . .**

**❖ ကျွမ်းကျင်မှုရှိပြီး အထိရောက်ဆုံးအသုံးချနိုင်မည့် စစ်သည်တော်များလေ့ကျင့်မွေးထုတ်ရေးအတွက် စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်သွားရန် အထူးမှာကြားလို . . .**

**❖ တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ယုံကြည်ချက် ခံယူချက်မှန်မြတ်ကောင်းမွန်စေရေး နိုင်ငံတော်နှင့် တပ်မတော်ဆိုင်ရာ သမိုင်းကြောင်းများကို သိရှိလေ့လာကြရန်၊ စာပေဗဟုသုတ ရှာဖွေဆည်းပူးကြရန် တိုက်တွန်းမှာကြားလို . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များတပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

တပ်မတော်(လေ)၏ တိုးတက်အောင်မြင်မှုအရှိန်အဟုန်များကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်သည့်တာဝန်အမျိုးမျိုးကို အောင်မြင်ကျေပွန်စွာထမ်းဆောင်သွားကြရန်၊ ရရှိပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်နှင့်လက်နက်စနစ်များ၊ လေကြောင်းစွမ်းအားအရင်းအမြစ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်(လေ)ဖြစ်ကြောင်းသက်သေပြကြရန်၊ **ယနေ့အထိ တည်ဆောက်ထိန်းသိမ်းလာသည့် တပ်မတော်(လေ)၏ အစဉ်အလာကောင်းများကို လေးစားဂုဏ်ယူတန်ဖိုးထားပြီး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းကောင်းမွေပေးအပ်ကြရန် တိုက်တွန်းမှာကြားလို**ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်များ တပ်တော်ဝင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းက လေယာဉ်များအား တပ်တော်ဝင်အဖြစ်ကြေညာသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းကို ဆောင်ရွက်ရာ ဦးစွာအချိန်ကိုက်ပျံသန်းအလေးပြုခြင်းအစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၄ စင်းတို့က အမျိုးအစားမတူညီသည့် Composite Formation အုပ်ဖွဲ့ဖြင့်လည်းကောင်း၊ အမျိုးအစားမတူညီသည့် ရဟတ်ယာဉ် ၅ စင်းတို့က Composite Formation အုပ်ဖွဲ့ဖြင့်လည်းကောင်း၊ ကင်းထောက်လေယာဉ် ၁ စင်းနှင့် အပေါ့စား




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင်ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားစဉ်။

ရဟတ်ယာဉ် ၂ စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ အမောင်းသင်လေယာဉ် ၅ စင်းတို့က Kite Formation အုပ်ဖွဲ့ပုံစံဖြင့်လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းနှင့် တိုက်လေယာဉ် ၂ စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ တိုက်လေယာဉ် ၃ စင်းက Arrow Head Formation ဖြင့် အုပ်ဖွဲ့ပျံသန်းပြီး တိုက်လေယာဉ် ၁ စင်းက Barrel Roll Maneuver ဖြင့် သရုပ်ပြပျံသန်း၍လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းနှင့် ဘက်စုံသုံးတိုက်လေယာဉ် ၂ စင်းတို့က Composite Formation ဖြင့်လည်းကောင်း၊ တိုက်လေယာဉ် ၃ စင်းတို့က Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ ဘက်စုံသုံးတိုက်လေယာဉ် ၃ စင်းတို့က Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် လည်းကောင်း၊ တိုက်လေယာဉ် ၃ စင်းတို့က ရှုရပ်၏ ရှေ့တည့်တည့်မှ ပျံသန်းဝင်ရောက်ကာ တပ်မတော်(လေ)အလံကိုယ်စားပြု အဝါရောင်၊ အဖြူရောင်နှင့် အပြာရောင်မီးခိုးများ ထုတ်လွှတ်ပြီး Cross Turn Maneuver ဖြင့် ပျံသန်း၍လည်းကောင်း၊ တိုက်လေယာဉ် ၁ စင်းနှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ် ၁ စင်းတို့က Composite Formation ဖြင့် ပျံသန်းပြီး မီးကျည်များပစ်လွှတ်၍ လည်းကောင်း နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များအား အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီး တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင်ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing attends ceremony to commission new aircraft of Tatmadaw (Air)





Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, watch the aerial demonstration.

NAY PYI TAW March 12

A ceremony to commission new aircraft was held to enhance the airpower of Tatmadaw (Air) at the local airbase HQ in Meiktila Station this morning, attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Present at the ceremony were the Senior General and wife, Daw Kyu Kyu Hla, SSPC Secretary Commander-in-Chief (Army) General Ye Win Oo and wife, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, union ministers, the Mandalay Region Chief Minister, senior military officers from the Office of the Commander-in-Chief and wives, the Central Command commander, commanders of airbase HQs, honoured guests, and officers, other ranks and families of Tatmadaw (Air).

Speaking on the occasion, the Senior General said the Tatmadaw is patriotic armed forces, established during the independence struggle. Moreover, it is also the people's armed forces and the Union armed forces, formed with multinational races. It has a vivid history of acting as the people's vanguard in safeguarding the country and people, whenever they faced various kinds of dangers, and the whenever national sovereignty was threatened.

Historical lessons throughout the successive eras have taught the country that it must always develop the strength and power of the Army, Navy and Air Force to effectively defend its land, water and airspace and the national interest, for the Tatmadaw to be able to protect, strengthen and uplift independence, sovereignty and national prestige and integrity, and for standing tall in the world.

Modern wars and current global crises indicate the vital importance of air and aerospace power in serving the national interest and battle victory. In this regard, all the global countries, whether they are big or small, are improving their airpower to the highest possible degree.

The Tatmadaw (Air) is the most responsible and important force in promoting the airpower of the nation. Only if the country's air power is strong and compact, will it be able to achieve and maintain its air superiority and protect the national interest effectively. Having planes and helicopters alone does not necessarily mean airpower, as it also involves the full possession of a broad array of multiple support systems, numerous repair, maintenance and supply systems and various training systems. Beginning 2011, various kinds of essential resources are being calculated, assessed and supplied for harmonious and all-round development of airpower.

Another essential part is the well-rounded human resources that can fully and effectively use the resources for sharpening the airpower. Hence, soldiers who are competent and can use the resources most effectively must be generated through continuous training programs. Human resources training and generation programs involve all professionals—pilots, other crew members, technicians, administrative supporters.




Senior General Min Aung Hlaing presents honorary cash award to a pilot.

The Senior General said that every officer, other rank and staff member serving in Tatmadaw (Air) must be valuable human resources who are committed to the national interest and possess a strong sense of patriotism. Only then will they have the strong determination to carry out any assigned duties bravely and conscientiously. The Senior General also urged them to study and understand the history of the nation and the Tatmadaw in order to cultivate patriotism and uphold sound beliefs and convictions, and to seek and acquire knowledge through reading and learning.

A review of the duties carried out since the establishment of Tatmadaw (Air) up to the present shows that it has faithfully fulfilled the responsibilities and tasks assigned by the State and the Tatmadaw. It has been able to provide strong combat support in operations to suppress internal insurgency and counter terrorism, as well as in operations to repel and defeat external aggression. In addition, it has contributed in various ways to national development activities, search and rescue operations during natural disasters, environmental conservation efforts, and anti-narcotics prevention and suppression activities.

The Senior General urged them to sustain and further strengthen the momentum of progress and achievements of Tatmadaw (Air) and to successfully fulfill the various duties assigned by the State and the Tatmadaw. The Senior General also called on them to systematically and skillfully operate and utilize the aircraft, helicopters, weapon systems and airpower resources in their possession,

See Page - 21

# Tatmadaw columns regain control of Tagaung Town temporarily held by NUG-led PDF terrorists; continue mine clearance and rehabilitation works

NAY PYI TAW March 12

Tatmadaw columns are conducting counter-terrorism operations as the terrorist insurgents under the so-called NUG-led PDF have been intruding into and occupying some towns and villages in Sagaing Region and Mandalay Region to commit violent destructive acts.

While the terrorist insurgents under the so-called NUG-led PDF were temporarily holding sway over Thabeikkyin Town, Tagaung Town, and surrounding areas in Mandalay Region starting from August 2024, they committed violent acts such as burning and destroying homes of local residents, forcibly looting property owned by the people, destroying factories/workshops by planting and detonating mines, committing violent acts by setting up temporary defensive positions within religious buildings in the Tagaung ancient cultural heritage zone, and working to disrupt the government administrative mechanism. Due to these acts, local residents suffered immense hardships and had to abandon their homes, buildings, and possessions to flee to safer areas.



Documentary photo of Tatmadaw columns recapturing and taking control of Tagaung Town, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns successfully recapturing Sin Hnyat Kone Village, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns successfully recapturing Sae Zin Kone Village, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns successfully recapturing Pauk Ta Pin Village, which was temporarily held by terrorist insurgents.



Documentary photo of temporary defensive positions set up by terrorist insurgents inside villages.

Therefore, Tatmadaw columns carried out necessary preparations and launched phased counter-offensives to regain control of Thabeikkyin Town, which was temporarily held by the terrorist insurgents. On July 23, 2025, the military was able to recapture and control Thabeikkyin Town. On January 20, 2026, the Mandalay-Madaya-Sinku-Thabeikkyin communication route and the Mandalay-Thabeikkyin-Mogok communication routes were able to be reopened under military control, allowing vehicles to travel normally again. This facilitated the easy and rapid flow of goods and trade in the region, leading to the recovery and development of the people's socio-economic lives, including education and health. Consequently, the people take great pride in and are deeply grateful to the military.

As military columns have been able to successively recapture and control areas temporarily held by terrorist insurgents,

See Page - 20►►

►► From Page - 19

and the social lives of the public have returned to normal and improved, the people have come to trust and rely on the military, offering enthusiastic support and condemnation against the destructive acts of the terrorists.

For the terrorist insurgents who no longer receive public support, feelings of disappointment and regret over their violent actions have led some to contact nearby military columns and return to the legal fold with their weapons and ammunition. The Tatmadaw has warmly welcomed them.



Documentary photo of Tatmadaw columns recapturing and taking control of Tagaung Town, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns recapturing and taking control of Tagaung Town, which was temporarily held by terrorist insurgents.



Documentary photo of Tatmadaw columns recapturing and taking control of Tagaung Town, which was temporarily held by terrorist insurgents.



Documentary photo of a temporary defensive position set up by terrorist insurgents near Koe Pin Village.

Continuing these efforts, Tatmadaw columns made necessary preparations and deployments to recapture and control Tagaung Town, which was under the temporary control of terrorist insurgents. They divided into columns to conduct balanced clearance operations against insurgents hiding and moving between Thabeikkyin and Tagaung towns, starting from February 6, 2026. Consequently, Tatmadaw was able to recapture the following villages successively: Yay Chan Sin Village in Thabeikkyin Township controlled by insurgents on February 13; Shar Taw Village on February 15; Ba Nwet Village on February 17; Daung Pon Village on February 18; Shwe Kyun Pin Village on February 21; Pauk Ta Pin Village on February 22; Thee Kone Village on February 24; War Yone Kone Village on February 25; Shwe Sa Kar Village on February 26; Myin Thar Village and Kyar Hnyat Village on February 27; Koe Pin Village and Padi Pyu Village on February 28; Min Kone Village on March 2; Sae Zin Kone Village on March 4; Let Pan Kone Village on March 5; Yay Yin Village on March 7; We Gyi Village and Paw Taw Mu Village on March 8; Ma Gyi Kone Village and Sin Hnyat Kone Village on March 9; Tagaung Junction and Nyaung Lay Pin Village on March 10. Finally, today, on March 12, Tatmadaw has been able to fully recapture and control Tagaung Town.



Documentary photo of bodies and weapons/ammunition seized from terrorist insurgents.

While the terrorists were present in Tagaung and its surrounding areas, they utilized religious buildings, schools, departmental offices, and residential homes within the Tagaung ancient cultural zone to construct bunkers using sandbags and tires, from which they attacked Tatmadaw columns. Furthermore, they planted mines between monasteries and houses, as well as on public communication routes, and used local residents as human shields during their attacks, forcing security forces to operate in accordance with the established Rules of Engagement (ROE).

Tatmadaw columns fought valiantly, putting their lives at risk, to recapture Tagaung and its surrounding areas. During the operation period of over one month, 85 large and small clashes occurred with the terrorists. While some security personnel were killed or wounded, 40 various types of weapons, ammunition, grenades, terrorist bodies, and explosive-related materials used in terrorist activities were seized from the insurgents.

Due to the acts of terrorism committed by the PDF terrorists, who are subordinates of the NUG, numerous religious buildings within the ancient cultural zone as well as many buildings in the towns and villages were damaged and destroyed. To ensure that the public is not harmed by the mines planted by these groups, security forces are systematically continuing mine clearance operations across various locations and along the roads.

Tatmadaw columns are making arrangements to continue rehabilitation work as quickly as possible together with local residents, including facilitating the return of displaced people to Tagaung, clearing debris caused by the terrorists, and conducting mine clearance operations.

The Myawady Television team, under the Directorate of Public Relations and Psychological Warfare, proudly announces the news that Tatmadaw has successfully secured Tagaung and its surrounding region and expresses deep respect and gratitude to the frontline officers, non-commissioned officers, and soldiers who fought valiantly to ensure the security of Tagaung and its surrounding areas and to safeguard the socio-economic lives that the local people long for. Similarly, they acknowledge and thank the Tatmadaw family members and supporters who have steadfastly provided necessary support and boosted the morale and fighting spirit of the soldiers currently fulfilling their frontline duties.

100

■■ From Page - 18
and to demonstrate that Tatmadaw (Air) is a capable and highly proficient force. In addition, the Senior General encouraged them to respect, take pride in and value the good traditions of Tatmadaw (Air) that have been built and preserved up to the present, and to pass on this legacy to future generations.

General Tun Aung explained measures to commission aircraft into service while Chief of Staff (Air) Lt-Gen Tun Win declared the commissioning of aircraft.

General Tun Aung presented a commemorative gift of commissioning aircraft and helicopters to the Senior General.

The demonstration of flying aircraft and helicopters in squadrons followed. In this regard, four transport helicopters showed off skills in demonstration in the diverse Composite Formations, five different helicopters in the Composite Formation, one reconnaissance plane and two light helicopters in the Composite Formation, five training planes in the Kite Formation, one medium-sized transport plane and two fighters in the Composite Formation, three fighters in the Arrow Head Formation, one fighter in the Barrel Roll Maneuver, one medium-sized transport plane and two multi-purposed fighters in the Composite Formation, three fighters in the Arrow Head Formation, three multipurposed fighters in the Arrow Head Formation, three fighters which flied from the front direction of the view desk in the Cross Turn Maneuver releasing the yellow, white and blue smokes to illustrate the flag of Tatmadaw (Air), and one fighter and one post-fourth generation multipurposed heavy jet fighter in the Composite Formation as part of saluting the Senior General.

The Senior General and party sprinkled scented water on the commissioned aircraft, viewed round them and posed for documentary photos.

The Senior General cordially greeted the pilots who participated in the flight demonstration and presented cash awards to them. **100**

# Pwintbyu Township earmarks cultivation of summer sesame on more than 30,000 acres of land

PWINTBYU March 12

Pwintbyu Township Agriculture Department mentioned that local authorities earmarked cultivation of 33,737 acres of summer sesame with the irrigation facilities from Mezali Diversion Weir in Pwintbyu Township of Magway Region this year.

In Pwintbyu Township, local farmers make effective use of government irrigation water, electric pumping systems, and groundwater throughout the year to cultivate oilseed crops such as groundnut, sesame, sunflower, and safflower, with the aim of ensuring sufficient local edible oil supplies and increasing crop income. During this year's summer crop cultivation season, local farmers plan to cultivate up to 33,737 acres of summer sesame using water from the Mezalir diversion weir.

"During this year's summer crop cultivation season in Pwintbyu Township, with the objective of ensuring sufficient and surplus edible oil supplies and increasing farmers' crop income, we have planned to cultivate 33,737 acres of summer sesame using water from the Mezalir diversion weir. We will also provide support and farmer education activities to ensure timely cultivation, adequate irrigation water, access to high-yielding quality seed varieties, correct cultivation methods, and achieving the required plant population," said Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture.

Local farmers in Pwintbyu Township reportedly rely on water from the Mezalir diversion weir each year during the summer crop season to cultivate paddy, sesame, and other summer crops. The main sesame varieties grown include Samonnet black sesame, black sesame, and Sin Ya Tana-4. During last year's summer crop season, 27,193 acres were originally planned for summer sesame cultivation, but actual planting expanded to as much as 57,616 acres, with an average yield of 9.52 baskets per acre.

If farmers are able to increase sesame yields, it will help ensure sufficient domestic edible oil supplies, improve production, reduce reliance on imported edible oils, balance market demand, stabilize prices, increase farmers' crop income, and improve socio-economic conditions. Therefore, efforts should be made to further expand sesame cultivation in all suitable areas, Daw Moe Moe Wai.

**SK**

# Farmers harvest all plantation of rainfed paddy in Tamu District

TAMU March 12

According to the Tamu District Agriculture Department, local farmers have harvested all sown acreage of rianfed paddy in Tamu District of Sagaing Region.

In Tamu District, a total of 48,823 acres of rainfed paddy were cultivated during the monsoon crop season. Harvesting of the monsoon paddy began in November 2025, and to date, harvesting has been completed on 100 percent of the planted area, with an average yield of 81.17 baskets per acre, according to reports.

"Tamu District has cultivated rainfed paddy on 48,823 acres. At present, harvesting has been fully completed on all acres. Necessary technologies and seed support were provided for monsoon paddy cultivation, and field-level assistance was carried out to ensure farmers were able to plant on time," said U Hla Myint, Head of the Tamu District Department of Agriculture.

By township, completed monsoon paddy harvest areas in Tamu District include 12,861 acres in Myothit Township, 14,894 acres in Tamu Township, and 21,068 acres in Khampak Township, totalling 48,823 acres.

During the monsoon crop season in Tamu District, the relevant township Departments of Agriculture worked in cooperation with local farmers to ensure systematic cultivation of monsoon paddy without major difficulties.

Monsoon paddy farmers in the district were provided with agricultural extension services, including technical guidance, awareness-raising on pest prevention, measures to prevent crop losses, and timely transportation of harvested paddy to covered storage facilities.



To ensure successful crop development and good yields from the cultivated monsoon paddy fields in Tamu District, township agricultural department staff have been conducting field-level activities such as promoting the selection and cultivation of quality and pure seeds, monitoring and prevention of pest infestations, ploughing and weeding operations, rogueing of off-type plants, and the systematic application of fertilizers. **SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်ထူးစုစည်းသည်။

## ဟော်မုဇ်ရေလက်ကြား၌ ရေမြှုပ်မိုင်းများကို အီရန်စတင်ထောင်လျက်ရှိဟုဆို

အီရန်တပ်မတော်သည် ကမ္ဘာ့ရေနံတင်ပို့မှု၏၂၀ ရာခိုင်နှုန်းဖြတ်သန်းရာ ဟော်မုဇ်ရေလက်ကြားအတွင်း၌ ရေမြှုပ်မိုင်းများကို စတင်ထောင်လျက်ရှိပြီဖြစ်ကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့များက ထုတ်ပြန်ထားသည်။

သို့သော် အီရန်နိုင်ငံအနေဖြင့် ရေမြှုပ်မိုင်းထောင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေခြင်းမဟုတ်သေးဘဲ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိုင်းအလုံးရေ ဒါဇင်ပေါင်းအနည်းငယ်ခန့်သာ ထောင်ထားခြင်းဖြစ်ကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့နှစ်ခုက ပြောသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်သည် အီရန်နိုင်ငံမှ မိုင်းထောင်သင်္ဘော ၁၆ စင်းကို မတ်လ ၁၀ ရက်နေ့က ရေလက်ကြားအနီး၌ ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ကြေညာထားသည်။

အမေရိကန်တပ်မတော်အနေဖြင့် သင့်တော်သောအမိန့်ပေးမှုရရှိမည်ဆိုပါက ဟော်မုဇ်ရေလက်ကြားတစ်လျှောက်ရှိသင်္ဘောများကို လိုက်ပါစောင့်ရှောက်ပေးနိုင်မည့်နည်းလမ်းများအား စတင်စဉ်းစားလျက်ရှိကြောင်း အမေရိကန်တပ်မတော်မှ ဗိုလ်ချုပ်ကြီးဒန်ကိန်းက မတ်လ ၁၀ ရက်တွင်ပြောကြားသည်။

ထို့ပြင် လက်ရှိ အီရန်နှင့်ဖြစ်ပွားနေသောပဋိပက္ခအတွင်း အမေရိကန်ဘက်မှ ထိခိုက်ကျဆုံးမှုစာရင်းများကိုလည်း ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ထားကြောင်း သိရသည်။

Ref: Iv




## အီရန်အပေါ်တိုက်ခိုက်နေခြင်းအား ရပ်တန့်ရန် တောင်းဆိုလာသည့် ရုရှား

အီရန်နိုင်ငံအနေဖြင့် မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိကြောင်း ရုရှားနိုင်ငံက အတည်ပြုပြောကြားလိုက်ပြီး အီရန်အပေါ် တိုက်ခိုက်နေခြင်းအားရပ်တန့်ရန် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့အား ရုရှားနိုင်ငံက တောင်းဆိုလိုက်သည်။

အဆိုပါတောင်းဆိုချက်ကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာ ဇာခါရိုဗာက မတ်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် အီရန်နိုင်ငံ၊ အိမ်နီးချင်းအာရပ်နိုင်ငံများနှင့် အခြားနေရာဒေသများရှိ အရပ်ဘက်ပစ်မှတ်များနှင့် အခြေခံအဆောက်အဦများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းအား ရုရှားနိုင်ငံက လက်ခံနိုင်ဖွယ်မရှိသော လုပ်ဆောင်မှုများအဖြစ်ယူဆကြောင်း၊ အမေရိကန်နှင့် အစ္စရေးတို့အနေဖြင့် ၎င်းတို့တိုက်ခိုက်မှုများကို ရပ်တန့်ရန်နှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် ရုရှားအစိုးရက တောင်းဆိုကြောင်း ဇာခါရိုဗာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသတွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခအတွင်း ပါဝင်နေသည့် အဖွဲ့အစည်းအားလုံးအနေဖြင့်အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့် ထိန်းသိမ်းစောင့်ရှောက်မှုကိုကျင့်သုံးရန်၊ ဘက်လိုက်မှုရှိသော စံနှုန်းနှစ်မျိုးကျင့်သုံးမှုကိုစွန့်လွှတ်ရန်နှင့် အိမ်နီးချင်းကောင်းပီသမှုအပေါ်အခြေခံ၍ ထိပ်တိုက်ရင်ဆိုင်မှုများကို အမြန်ဆုံးအဆုံးသတ်နိုင်ရေးကြိုးပမ်းကြရန် အလွန်အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများ အရှိန်မြင့်တက်လာမှုကို အမြန်ဆုံးအဆုံးသတ်နိုင်ရန်နှင့် မတူကွဲပြားမှုမှန်သမျှကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဟု တရားဝင်ပြောကြားထားသည်။ Ref: Ta, Iv





## အီရန်၏ဆိုက်ဘာတိုက်ခိုက်မှုကြောင့် အစ္စရေးမီးရထားပို့ဆောင်ရေးစနစ် ရပ်တန့်ဟုဆို

အီရန်နိုင်ငံကလုပ်ဆောင်သည့် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံ၏ မီးရထားပို့ဆောင်ရေးစနစ် ရပ်တန့်သွားခဲ့ကြောင်း Fars သတင်းဌာနက ဖော်ပြလိုက်သည်။

Fars သတင်းဌာန၏ဖော်ပြချက်တွင် အစ္စရေးနိုင်ငံ၏ မီးရထားလမ်းပိုင်းများမှာ အီရန်၏ ဆိုက်ဘာတိုက်ခိုက်ခြင်းကို ခံခဲ့ရသည်ဟုပါရှိပြီး ဆိုက်ဘာတိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံ၏ မီးရထားပို့ဆောင်ရေးစနစ်မှာ ရပ်တန့်သွားခဲ့ရသည်ဟု ဖော်ပြထားသည်။

ထို့ပြင် ထပ်မံအကြောင်းကြားစာမထုတ်ပြန်မီအချိန်အထိ အစ္စရေးနိုင်ငံရှိ မီးရထားဘူတာအားလုံးသည် ဘေးကင်းလုံခြုံမှုမရှိဟု သတင်းဌာနက ဆက်လက်ဖော်ပြသည်။

သို့သော် အဆိုပါထုတ်ပြန်ချက်နှင့်စပ်လျဉ်း၍ အစ္စရေးအစိုးရက တစ်စုံတစ်ရာတုံ့ပြန်ထားခြင်းမရှိပေ။

Ref: Ta

## ကူဝိတ်နိုင်ငံရှိ နိုင်ငံတကာလေဆိပ်တွင် ဒရုန်းများ၏တိုက်ခိုက်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီး

ကူဝိတ်နိုင်ငံရှိ နိုင်ငံတကာလေဆိပ်တွင် မတ်လ ၁၂ ရက်အစောပိုင်းက ဒရုန်းများ၏တိုက်ခိုက်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်းသိရသည်။

သို့သော် အဆိုပါတိုက်ခိုက်မှုအတွင်း လူထိခိုက်သေဆုံးမှုမရှိကြောင်း အရပ်ဘက်လေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဒေသတွင်း လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများစတင်ချိန်မှစ၍ ချမှတ်ထားသည့် အရေးပေါ်စီမံချက်ဖြင့် လေဆိပ်ရှိ အခြေအနေများကို ထိန်းသိမ်းကိုင်တွယ်လျက်ရှိကြောင်း အရပ်ဘက်လေကြောင်းဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလာ အယ်ရာဂျီ၏ပြောကြားချက်ကို ကိုးကား၍ ကူဝိတ်သတင်းဌာနက ဖော်ပြထားသည်။

အလားတူပင် မတ်လ ၁၂ ရက်အစောပိုင်းတွင် ကူဝိတ်နိုင်ငံတောင်ပိုင်းရှိ လူနေအိမ်ရာအဆောက်အအုံတစ်ခုကို ဒရုန်းတစ်စင်းက ထိမှန်ခဲ့ရာ လူနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ Ref: Xinhua

## အမေရိကန်လေကြောင်းရန်ကာကွယ်ရေးလက်နက်များကို အရှေ့အလယ်ပိုင်းဒေသသို့ ရွှေ့ပြောင်းနေရာချထားခြင်းအပေါ် တောင်ကိုရီးယားကန့်ကွက်

**ဆိုး၊ စစ်ရေး**



တောင်ကိုရီးယားနိုင်ငံအတွင်းရှိ အမေရိကန် လေကြောင်းရန်ကာကွယ်ရေး လက်နက်များကို အရှေ့အလယ်ပိုင်းဒေသသို့ ရွှေ့ပြောင်းနေရာချထားခြင်းအပေါ် တောင်ကိုရီးယားက ကန့်ကွက်ကြောင်း တောင်ကိုရီးယားအစိုးရက ထုတ်ဖော်ပြောကြားလိုက်သည်။

နိုင်ငံအတွင်းရှိအမေရိကန်လေကြောင်းရန်ကာကွယ်ရေးလက်နက်များကို အရှေ့အလယ်ပိုင်းဒေသသို့ ရွှေ့ပြောင်းနေရာချထားမည့် အမေရိကန်၏အစီအစဉ်အပေါ် ကန့်ကွက်ထားသော်လည်း တောင်ကိုရီးယားအနေဖြင့် အမေရိကန်၏အဆိုပါ လုပ်ဆောင်ချက်ကို တားဆီးပိတ်ပင်နိုင်သည့် အနေအထားတွင်မရှိကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က မတ်လ ၁၀ ရက်တွင်ကျင်းပသည့်အစိုးရအဖွဲ့ဆွေးနွေးပွဲ၌ပြောကြားခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအတွင်းရှိအိုဆန် အမေရိကန်လေတပ်အခြေစိုက်စခန်းတွင် ဖြန့်ကြက်ထားသည့်အမေရိကန်လေကြောင်းရန်ကာကွယ်ရေးလက်နက်အချို့ကို ဆော်ဒီအာရေဗျနှင့်အာရပ်စော်ဘွားများပြည်ထောင်စုတို့ရှိအမေရိကန်အခြေစိုက်စခန်းများသို့ လွှဲပြောင်းပေးနိုင်ဖွယ်ရှိကြောင်း ထွက်ပေါ်လာသည့်သတင်းများနှင့်စပ်လျဉ်း၍ လီဂျေးမြောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်-အစ္စရေးနှင့် အီရန်တို့အကြား စစ်ပွဲဖြစ်ပွားပြီးနောက်အမေရိကန်၏ဒေသတွင်းရှိ လက်နက်စနစ်များနှင့်အခြေစိုက်စခန်းများအပေါ် အီရန်၏လက်တုံ့ပြန်တိုက်ခိုက်မှုများမှာ ၁၂ ရက်မြောက်နေ့သို့ ရောက်ရှိလာပြီဖြစ်ရာ ပင်လယ်ကွေ့နိုင်ငံများတွင်အသုံးပြုနေသည့်လေကြောင်းရန်ကာကွယ်ရေးစနစ်များရှိ ကြားဖြတ်ဟန့်တားရေးဒုံးကျည်များမှာ စိုးရိမ်ဖွယ်ရာအဆင့်အထိ လျော့နည်းလာပြီဖြစ်သည်ဟု မီဒီယာအချို့ကဖော်ပြထားကြောင်းသိရသည်။

Ref: RT

## အစ္စရေးနိုင်ငံဆိုင်ရာသံအမတ်ကို စပိန်က တရားဝင်ရုပ်သိမ်း

**မက်ဒရစ်၊ နိုင်ငံရေး**

စပိန်အစိုးရအနေဖြင့် အစ္စရေးနိုင်ငံဆိုင်ရာ ၎င်းတို့၏သံအမတ်ကို တရားဝင်ရုပ်သိမ်းလိုက်ပြီဖြစ်ပြီး အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ စပိန်သံရုံးကို သံရုံးယာယီတာဝန်ခံကသာ ဦးဆောင်သွားမည်ဖြစ်ကြောင်း မတ်လ ၁၁ ရက်တွင်ထုတ်ပြန်သည့် အစိုးရ၏ကြေညာချက်တွင် ဖော်ပြထားသည်။

စပိန်နိုင်ငံခြားရေးဝန်ကြီး ဟိုဆေးမန်နျူရယ်လ် အာဘာရက်၏အဆိုပြုချက်အရ မတ်လ ၁၀ ရက်တွင် ကျင်းပသောအစိုးရအဖွဲ့အစည်းအဝေးတွင် သံအမတ်အား ပြန်လည်ခေါ်ယူရန်ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

စပိန်နှင့် အစ္စရေးနိုင်ငံတို့အကြား ဆက်ဆံရေးသည် မကြာသေးမီနှစ်များအတွင်းတင်းမာလာခဲ့ပြီး စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသအတွင်းလုပ်ဆောင်ခဲ့သည့် အစ္စရေးနိုင်ငံ၏စစ်ဆင်ရေးများကို ဝေဖန်ထားသည်။

အလားတူပင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒုံဆားကလည်း စပိန်အစိုးရအား ဂျူးဆန့်ကျင်ရေးဝါဒီဟု တုံ့ပြန်ခေါ်ဆိုခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် စပိန်သံအမတ်ကြီး အာနာ ဆော်လမွန်အား စပိန်အစိုးရက ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့်အစ္စရေးတို့၏ အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ် ဆန်းချက်က ပဋိပက္ခများအရှိန်မြင့်တက်လာမှုကို ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး အမေရိကန်တပ်မတော်အား စပိန်နိုင်ငံအတွင်းရှိ လေတပ်အခြေစိုက်စခန်းများအသုံးပြုခွင့်ပေးရန် ငြင်းဆန်ခဲ့ကြောင်းသိရသည်။

Ref: Xinhua



## အီသီယိုးပီးယားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွား၊ အနည်းဆုံး လူ ၃၀ ဦးသေဆုံး

**အဒစ်အဘားဘား၊ သဘာဝဘေး**

အီသီယိုးပီးယားနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၃၀ ဦး သေဆုံးခဲ့ကြောင်း ဒေသန္တရအစိုးရအဖွဲ့က ထုတ်ပြန်သည်။

နိုင်ငံအတွင်း၌ မတ်လ ၁၀ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပွားခဲ့ပြီးနောက် မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းအစိုးရက ထုတ်ပြန်ထားသည်။

ထို့ပြင် မြေပြိုမှုမှထွက်ပေါ်လာသော အပျက်အစီးများနှင့် ရေကြီးမှုများကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများပိတ်ဆို့သွားခဲ့ပြီး သွားလာရေးအခက်အခဲဖြစ်စေသည့်အပြင် ဘေးသင့်ဒေသများရှိ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အဟန့်အတားဖြစ်စေခဲ့ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

နိုင်ငံအတွင်းရှိ သဘာဝဘေးဒုက္ခနှင့်ကြုံတွေ့ရသူများအတွက် လိုအပ်သည့်ကူညီထောက်ပံ့မှုအားလုံးကို ပြည်နယ်အစိုးရကဆောင်ရွက်ပေးမည်ဟု ဒေသတွင်းအစိုးရကကတိပြုထားသည်။

လက်ရှိတွင် အီသီယိုးပီးယားနိုင်ငံသည် ဖေဖော်ဝါရီလကတည်းက စတင်ခဲ့သည့်မိုးရာသီကာလအတွင်း ရောက်ရှိနေပြီး အဆိုပါမိုးရာသီသည် မတ်လအထိ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းရကြောင်း သိရသည်။

Ref: Xinhua

## အိမ်ဖြူတော်အနီးရှိ အတားအဆီးကို မော်တော်ယာဉ်ဖြင့်ဝင်တိုက်ခဲ့သည့်ယာဉ်မောင်းအား အမေရိကန်ဖမ်းဆီးထိန်းသိမ်း

**ဝါရှင်တန်၊ မတော်တဆမှု**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော် အိမ်ဖြူတော်အနီးရှိ အတားအဆီးတစ်ခုကို မတ်လ ၁၁ ရက် နံနက်ပိုင်းက မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သည့် ယာဉ်မောင်းကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အမေရိကန်မီဒီယာများက ထုတ်ပြန်သည်။

အဆိုပါမော်တော်ယာဉ်သည် ကွန်နီတီကပ်ရိပ်သာလမ်းနှင့် အိတ်လမ်းဆုံတွင်ရှိသည့်အိမ်ဖြူတော်ဂိတ်တံခါးကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း CBS သတင်းဌာနမှ သတင်းထောက်ဆာရာကွတ်က မြို့တော်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ၏ပြောကြားချက်ကိုကိုးကား၍ လူမှုမီဒီယာပေါ်တွင် ရေးသားဖော်ပြထားသည်။

လက်ရှိတွင် အဆိုပါယာဉ်မောင်းအား ဖမ်းဆီးထားပြီး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း ဆာရာကွတ်က ဆက်လက်ဖော်ပြထားသည်။

အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေစဉ်အတွင်း အဆိုပါလမ်းအနီးရှိ လမ်းအဝင်အထွက်များနှင့်လမ်းအချို့ကို ယာယီပိတ်ထားခဲ့ကြောင်းသိရသည်။

Ref: Xinhua




## ဟော်မုဇ်ရေလက်ကြားကိုဆက်လက်ပိတ်ဆို့ရန် အီရန်ခေါင်းဆောင်သစ်ကတိုက်တွန်းပြီး အမေရိကန်နှင့်အစ္စရေးတို့အား စစ်မျက်နှာသစ်များဖွင့်လှစ်၍ တုံ့ပြန်သွားမည်ဟုဆို

**တီဟီရန်၊ စစ်ရေး**

အီရန်နိုင်ငံအနေဖြင့် ဟော်မုဇ်ရေလက်ကြားကို ဆက်လက်ပိတ်ဆို့ထားရန် အမြင့်ဆုံး ခေါင်းဆောင်သစ်ဖြစ်လာသည့် မော့်တာဘာခါမေနီက တိုက်တွန်းလိုက်ပြီး အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့အား စစ်မျက်နှာသစ်များဖွင့်လှစ်၍ တုံ့ပြန်သွားမည်ဟု ၎င်းကကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့၏ အားနည်းပြီးအတွေ့အကြုံမရှိသော အခြားစစ်မျက်နှာများကို ဖွင့်လှစ်နိုင်ရန်အတွက် အီရန်နိုင်ငံက လေ့လာမှုများလုပ်ဆောင်လျက်ရှိကြောင်း မော့်တာဘာ ခါမေနီက မတ်လ ၁၂ ရက်တွင် နိုင်ငံသို့ ပထမဆုံး အကြိမ်ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

အကယ်၍လက်ရှိအီရန်အပေါ်တိုက်ခိုက်နေသည့်စစ်ပွဲဆက်လက်ဖြစ်ပွားနေမည်ဆိုပါက အီရန်အနေဖြင့် မိမိနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ထိုကဲ့သို့သော ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ Ref: Xinhua

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း(၆)**

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၃။ ဗဟိုအဖွဲ့သည်–

(က) သံသယဖြစ်ဖွယ်သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့်ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ဤဥပဒေနှင့်သက်ဆိုင်သည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို စုံစမ်းထောက်လှမ်းသည့် လုပ်ငန်းများကို သီးခြား လွတ်လပ်၍ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံဖြင့် တာဝန်ယူဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

( ခ ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား တည်ဆဲအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၏ဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များသည် တည်ဆဲအာဏာပိုင်အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်ကွဲပြားစေရန် သတ်မှတ်ပေးရမည်။

၁၄။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည်–

(က) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ငန်းသဘောအရလည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်းကောင်း ဤဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ရမည်။

( ခ ) သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့် ဆက်နွှယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း ဆက်နွှယ်သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

( ဂ ) သတင်းပို့ချက်များအား လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့်သတင်းအချက်အလက်များအားပေးပို့ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်နိုင်ခွင့်အပါအဝင် မိမိ၏လုပ်ငန်းတာဝန်များအား လွတ်လပ်စွာဆောင်ရွက်နိုင်မည့် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်ရှိရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းကပေးပို့သော သံသယဖြစ်ဖွယ်လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှုများ၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သောသတင်းအချက်အလက်များနှင့်အခြားသောသတင်းအချက်အလက်များကို လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ပြုလုပ်ရမည်။

( င ) လက်ခံရရှိသည့် သတင်းအချက်အလက်အမျိုးအစားနှင့် အရေးအတွက်အသုံးပြုရန် မျှော်မှန်းသည့်သတင်းအချက်အလက်တို့အပေါ်အခြေပြု၍ အမှုတစ်မှုချင်းနှင့် သီးခြားပစ်မှတ်များ၊ ဆောင်ရွက်မှုများ သို့မဟုတ် လွှဲပြောင်းချက်များ သို့မဟုတ် သင့်လျော်သည့်ရွေးချယ်ထားသော သတင်းအချက်အလက်များကို အဓိကထားသည့် သမားရိုးကျခွဲခြမ်းစိတ်ဖြာခြင်းတို့ပြုလုပ်ရမည်။

( စ ) လုပ်ငန်းပိုင်ဆိုင်ရာလွတ်လပ်ခွင့်ကိုထိပါးစေမည့် နိုင်ငံရေး၊ အစိုးရ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ မလျော်ဩဇာသက်ရောက်မှု သို့မဟုတ် စွက်ဖက်မှုမှကင်းလွတ်ပြီး မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သောအရင်းအမြစ်များ(လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံးပစ္စည်းနှင့် နည်းပညာ)အား ရယူခွင့်နှင့် ထိရောက်စွာအသုံးပြုခွင့်များရှိရမည်။

(ဆ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဦးတည်ရာများနှင့် ပုံစံများကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာမြောက် ခွဲခြမ်းစိတ်ဖြာရမည်။

( ဇ ) သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းထံမှ လိုအပ်သောသတင်းအချက်အလက်များကို တောင်းခံရယူရမည်။

( ဈ ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သောအကူအညီအထောက်အပံ့ပေးရမည်။

၁၅။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်–

(က) သတင်းပို့အဖွဲ့အစည်းက လိုက်နာအသုံးပြုဆောင်ရွက်ရမည့် သတင်းပို့ချက်သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့်အချက်များ၊ သတင်းပေးပို့ပြီးနောက် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ခ) မိမိသဘောဆန္ဒအလျောက်ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)အရ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်သတင်းအချက်အလက်ဖလှယ်ရာတွင် တောင်းဆိုစဉ်က အသုံးပြုမည့်ရည်ရွယ်ချက်အတိုင်း အသုံးပြုမည်ဖြစ်ကြောင်းနှင့် မိမိအဖွဲ့၏သဘောတူညီချက်မရှိဘဲ အခြားသောရည်ရွယ်ချက်အတွက်အသုံးပြုမည်မဟုတ်ကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းထံမှ အထောက်အထားရယူထားရှိခြင်း၊

(ဃ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ဤဥပဒေနှင့်အညီ သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အခြားသောပြည်တွင်းအာဏာပိုင်များ သို့မဟုတ် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရန် လွတ်လပ်စွာစီစဉ်ဆောင်ရွက်ခြင်း သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့်ပြစ်မှုများကျူးလွန်သည်ဟု သံသယရှိပါက မိမိ၏ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ရလဒ် သို့မဟုတ် အခြားသော သက်ဆိုင်ရာသတင်းအချက်အလက်များကို တောင်းဆိုချက်အရဖြစ်စေ၊ မိမိသဘောဆန္ဒအရဖြစ်စေ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပြည်တွင်းနှင့်ပြည်ပအစိုးရအဖွဲ့အစည်းများထံသို့ လုံခြုံစိတ်ချရပြီး ကာကွယ်မှုရှိသောသတ်မှတ်ထားသည့် လမ်းကြောင်းများကိုအသုံးပြု၍ ဖြန့်ဝေပေးပို့ခြင်း၊

(ဆ) ကိုယ်ပိုင်ဆုံးဖြတ်ချက်အရဖြစ်စေ၊ အကူအညီတောင်းခံချက်အရဖြစ်စေ အဖွဲ့၏လုပ်ငန်းတာဝန်နှင့်သက်ဆိုင်မှုရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို အခြားအဖွဲ့အစည်းများထံမှ တောင်းခံခြင်းနှင့်ဖလှယ်ခြင်း၊ မိမိနှင့်အလားတူလုပ်ငန်းတာဝန်ထမ်းဆောင်သည့် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိအဖွဲ့နှင့် အလားတူလုပ်ငန်းတာဝန်များရှိပြီး လျှို့ဝှက်ချက်ထားရှိရေးဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာရသည့် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊

(ဈ) လုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏သတင်းအချက်အလက်များကို ရယူအသုံးပြုခွင့်ရှိခြင်း၊

(ည) သတင်းပို့အဖွဲ့အစည်း၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့်အခြားသောအဖွဲ့အစည်းများက သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များက စုဆောင်းထိန်းသိမ်းထားရှိသည့် သတင်းအချက်အလက်ကိုဖြစ်စေ၊ စီးပွားဖြစ်စုဆောင်းထားရှိသည့်သတင်းအချက်အလက်ကိုဖြစ်စေ တောင်းခံရယူသုံးစွဲခွင့်ရှိခြင်း၊

(ဋ) ဤဥပဒေအရ လက်ခံရရှိသည့် သတင်းအချက်အလက်များအား အသုံးပြုမှု၊ ယင်းတို့အား ခွဲခြမ်းစိတ်ဖြာစိစစ်မှု၊ ဖြန့်ဝေမှု၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများဖလှယ်မှုနှင့် ထိုကဲ့သို့သောသတင်းအချက်အလက်များကို ရယူအသုံးပြုမှုတို့အား စီမံခန့်ခွဲရန်နှင့် လုံခြုံမှုရှိစေရန် လုပ်ငန်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဌ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် သတင်းဖလှယ်ခြင်း၊

(ဍ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကအပ်နှင်းသော ဆောင်ရွက်ပိုင်ခွင့်ရှိသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၆။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က လက်ခံရရှိသော သံသယဖြစ်ဖွယ်လွှဲပြောင်းမှုသတင်းပို့ချက်များ၊ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်များနှင့် အခြားသောလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်များဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရမည့်အပြင် အဆိုပါသတင်းပို့ချက်များ ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ကို ပြစ်မှုတစ်ရပ်ရပ်အား စုံစမ်းစစ်ဆေးခြင်းအတွက် ထောက်လှမ်းရေးသတင်းအချက်အလက်အဖြစ်သာ အသုံးပြုရမည်။

**အခန်း(၇)**

**ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၇။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်–

(က) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများအား စုံစမ်းစစ်ဆေးချိန်တွင် မူလမှုအတွက် ပြစ်မှုကျူးလွန်သူများ၏ ကွန်ရက်များကိုဖြစ်စေ၊ ပြစ်မှုကျူးလွန်မှု၏အတိုင်းအဆပမာဏကိုဖြစ်စေ အတည်ပြုဖော်ထုတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်းဆောင်ရွက်ချိန်တွင် ဤဥပဒေအရလည်း ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သော်လည်း သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းအား သိမ်းဆည်းနိုင်ခြင်းမရှိပါက သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းနှင့်တန်ဖိုးတူပစ္စည်းများကို စုံစမ်းဖော်ထုတ်နိုင်ရေးဆောင်ရွက်ရမည်။

၁၈။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်–

(က) တည်ဆဲဥပဒေများအရ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းထံမှ သတင်းအချက်အလက်တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်း လုပ်ပိုင်ခွင့်များကို အပ်နှင်းထားခြင်းမရှိပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ အတည်ပြုချက်ဖြင့် တောင်းခံနိုင်သည်။

(ခ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့်ထိန်းချုပ်ခြင်းပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်–

(က) မိမိတို့စုံစမ်းစစ်ဆေးနေသော မှုခင်းကိစ္စရပ်များမှတစ်ဆင့် ငွေကြေးခဝါချမှုကျူးလွန်ဖွယ်ရာရှိသည်ဟု ယုံကြည်ရန်အကြောင်းရှိပါက ဤဥပဒေအရ တရားစွဲဆိုနိုင်ရေးဆောင်ရွက်ရမည်။

**စာမျက်နှာ ၂၅ သို့ ▲**

▲ စာမျက်နှာ ၂၄ မှအဆက်

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သို့ ဆောလျင်စွာတင်ပြရမည်။

၂၀။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ခက်ခဲနက်နဲရှုပ်ထွေးသော သို့မဟုတ် နိုင်ငံဖြတ်ကျော်သဘောသဘာဝရှိသော သို့မဟုတ် ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းအမြောက်အမြားပါဝင်သော ငွေကြေးခဝါချမှုဖြစ်ပါက မှုခင်းဆိုင်ရာအချက်အလက်များနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနသို့ ကြန့်ကြာခြင်းမရှိစေဘဲ အမြန်ဆုံးပေးပို့တင်ပြရမည်။

၂၁။ ပုဒ်မ ၂၀ အရ တင်ပြသည့် ငွေကြေးခဝါချမှုကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရမည်။

## အခန်း(၈)
## စုံစမ်းစစ်ဆေးရေးအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်ငွေကြေးခဝါချမှုကိုစုံစမ်းစစ်ဆေးရာတွင်-

(က) ငွေကြေးခဝါချမှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသူကို အရေးယူနိုင်ရေးအတွက် သက်သေအထောက်အထားများရရှိရန် လိုအပ်သောစုံစမ်းစစ်ဆေးခြင်းဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့်ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ လိုအပ်သောသတင်းအချက်အလက်များ ရယူနိုင်သည်။

(ဂ) အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းကို စုံစမ်းဖော်ထုတ်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(၂) သက်သေခံပစ္စည်းအားချိပ်ပိတ်ခြင်း၊ အခြားနည်းလမ်းတစ်ခုခုဖြင့် စီမံခန့်ခွဲမှု သို့မဟုတ် ဆက်နွှယ်ပတ်သက်မှုမပြုလုပ်ရန် တားမြစ်ပိတ်ပင်ခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းထံမှ ငွေရေးကြေးရေးနှင့်စပ်ဆိုင်သောမှတ်တမ်းများကို တောင်းခံရယူခြင်း၊

(၄) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ရှိသည့် ပစ္စည်းများအား နိုင်ငံတော်က ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ပြန်လည်ရယူခြင်းတို့ဆောင်ရွက်သည့်အခါတွင် ထိခိုက်ဟန့်တားမှုမဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်မှုများဆောင်ရွက်ခြင်း၊

(၅) ပြစ်မှုကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိသူအားဖမ်းဆီးခြင်း၊

(၆) စုံစမ်းစစ်ဆေးရေးဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ(ဂ)အရ သိမ်းဆည်းခဲ့သည့် ငွေကြေး သို့မဟုတ် ပစ္စည်းများကို သတ်မှတ်ထားသည့်အဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် ပျက်စီးဆုံးရှုံးနိုင်ဖွယ်ရှိသည့်ပစ္စည်းများကို စုံစမ်းစစ်ဆေးမှုကာလအတွင်း တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(င) သဘောရိုးဖြင့်ဆောင်ရွက်သည့် တတိယပုဂ္ဂိုလ်နှင့်အခြားကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ၏အခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိစေရန် ကျင့်သုံးဆောင်ရွက်ရမည်။

၂၃။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများနှင့်ငွေကြေးခဝါချမှုအား စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် အောက်ပါငွေကြေးနှင့်ပစ္စည်းများကို စစ်ဆေးဖော်ထုတ်ရမည်-

(က) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာမှရရှိသည့်အကျိုးအမြတ်များ၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့်အသုံးပြုပစ္စည်းများ၊

(ဂ) အဆိုပါငွေကြေး၊ ပစ္စည်း သို့မဟုတ် မှုခင်းအကျိုးအမြတ်များကိုဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေသည့် သက်သေခံအထောက်အထားများ၊

(ဃ) ခဝါချထားသည့် ငွေကြေးများနှင့်ပစ္စည်းများ၊

(င) ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအား စုံစမ်းဖော်ထုတ်ပြီးချိန်တွင် ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း မပြုနိုင်ပါက တန်ဖိုးတူပစ္စည်းများ။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင် အောက်ပါကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ရယူဆောင်ရွက်နိုင်သည်-

(က) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့်ဆာဗာများအားဝင်ရောက်ကြည့်ရှုခြင်း၊

(ခ) တယ်လီဖုန်းလိုင်းများ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ်ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင်ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့်လိုအပ်သလိုအသုံးပြုခွင့်ကျင့်သုံးခြင်း၊

(ဂ) လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန်ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခြင်း၊

(ဃ) အသွင်ယူစုံစမ်းစစ်ဆေးခြင်း၊

(င) ထိန်းချုပ်ဖော်ထုတ်ခြင်း။

## အခန်း(၉)
## ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၂၅။ သတင်းပို့အဖွဲ့အစည်းသည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့်အမည် သို့မဟုတ် အက္ခရာများကိုအသုံးပြုခြင်း၊ ခွဲခြားသိရှိနိုင်ခြင်းမရှိသည့် သို့မဟုတ် ဖန်တီးထားသည့်အမည် သို့မဟုတ် မမှန်ကန်သည့်အမည်ကို အသုံးပြုထားသည့် ငွေစာရင်းများကို ဖွင့်လှစ်ပေးခြင်း၊ လက်ခံခြင်း သို့မဟုတ် ထိန်းသိမ်းဆောင်ရွက်ပေးခြင်း မပြုရ။

၂၆။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်းကိုဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့်မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းအချက်အလက်များကိုမဆို စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကအသုံးပြုနိုင်ရေးအသင့်ရှိရမည်။

၂၇။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ ဤဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ပထဝီအနေအထား၊ ထုတ်ကုန်၊ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ်အခြေပြု၍ သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇(စ)အရ ပေးပို့၍ရရှိသော သတင်းအချက်အလက်များရရှိပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(၁) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသော ဆောင်ရွက်မှုများသည် ပုံမှန်ဟုတ် မဟုတ်ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ်ရှိ မရှိကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်မှုကို ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုအန္တရာယ်အဆင့် အလယ်အလတ်ဖြစ်သည်ဟုဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်မှုကို စံနှုန်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်မားသည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှရပ်စဲခြင်း၊

(၄) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)မှ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားခြင်းနှင့် အခြားစောင့်ကြည့်ရမည့် နိုင်ငံနှင့်ဒေသများ (High-risk and other monitored jurisdictions)စာရင်းတွင်ပါရှိသည့် နိုင်ငံနှင့်ဒေသများမှ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများပြုလုပ်သည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့မှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းပြုလုပ်ပါက ဆုံးရှုံးနိုင်ခြေအန္တရာယ်နှင့်အညီ အချိုးညီထိရောက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(၅) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ခြင်းနှင့် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ရေးအာဏာပိုင်ကထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင်ဆောင်ရွက်ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်မပြုလုပ်ပေးမီ သို့မဟုတ်ငွေစာရင်းတစ်ခုဖွင့်လှစ်ပေးခြင်းမပြုမီ သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ရပ်မထူထောင်မီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့်စီးပွားဆက်ဆံဆောင်ရွက်မှုထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်သည့်တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ပိုသောတန်ဖိုးပမာဏဖြစ်သည့်အခါ အဆိုပါဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ပြည်တွင်းနှင့်နိုင်ငံတကာငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟုသံသယရှိလျှင်၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်သည်ဟုသံသယရှိလျှင်။

(ဂ) ပုဒ်မခွဲ(ခ)တွင် ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့်အချိန်တွင် သတ်မှတ်တန်ဖိုးပမာဏ သို့မဟုတ် သတ်မှတ်တန်ဖိုးပမာဏထက် ကျော်လွန်ကြောင်းကို လုပ်ငန်းဆောင်ရွက်ချိန်တွင်မသိရှိပါက အဆိုပါပမာဏကို သိရှိလျှင် သိရှိချင်း သို့မဟုတ် အဆိုပါတန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ရောက်ရှိလျှင်ရောက်ရှိချင်း ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

စာမျက်နှာ ၂၆ သို့ ▲

▲ စာမျက်နှာ ၂၅ မှအဆက်

(ဃ) ပုဒ်မခွဲ(က)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏သက်သေခံအထောက်အထားကို အတည်ပြုခြင်း၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု၏ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာသတင်းအချက်အလက်များစုဆောင်းရယူခြင်းနှင့်နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းအနေဖြင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး စိစစ်အတည်ပြုနိုင်မည့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကို အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုအားလုံးကိုဆောင်ရွက်ခြင်း၊

(၄) ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ် မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကိုမှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏တရားဝင်တည်ရှိမှုအခြေအနေအားစိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏အမည်၊ တရားဝင်ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာစည်းကမ်းချက်များ(Conditions)သတ်မှတ်ခြင်း။

(င) ပုဒ်မခွဲ(ဃ)ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၁)၊(၂)နှင့် (၃)တို့အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များအား ထိရောက်စွာစီမံခန့်ခွဲပြီးကြောင်း သက်သေထင်ရှားပြသနိုင်ပြီး ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏သက်သေခံအထောက်အထားများအား စိစစ်ခြင်းကြောင့်ဖြစ်ပေါ်သည့် နှောင့်နှေးမှုသည် ပုံမှန်စီးပွားဆက်ဆံမှုကို အဆက်ပြတ်စေသည့် အဓိကအကြောင်းရင်းဖြစ်ပါက အဆိုပါပုံမှန်စီးပွားဆက်ဆံဆောင်ရွက်မှုပြီးလျှင်ပြီးချင်း စိစစ်မှုကို ဆောလျင်စွာပြီးစီးအောင်ဆောင်ရွက်ရမည်။

၂၈။ သတင်းပို့အဖွဲ့အစည်းသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့ပြင် လွှဲပြောင်းဆောင်ရွက်မှုများသည် ဆက်သွယ်ဆောင်ရွက်သူအပေါ် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ သိရှိနားလည်မှု၊ ၎င်း၏စီးပွားရေးလုပ်ငန်းနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်အတန်းနှင့် ကိုက်ညီမှုရှိမရှိအား သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ၎င်းတို့၏ငွေကြေးအရင်းအမြစ်ကိုလည်း စိစစ်ရမည်။

၂၉။ သတင်းပို့အဖွဲ့အစည်းသည်-

(က) အောက်ပါဆောင်ရွက်ချက်များကို တစ်ခုချင်းအလိုက် အထူးအလေးထားစောင့်ကြည့်စစ်ဆေးရမည်-

(၁) စီးပွားရေးလုပ်ငန်းအရင်းခံထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်းထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော တန်ဖိုးပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့်ဆောင်ရွက်မှုများအားလုံး။

(၂) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာလိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး။

(ခ) ပုဒ်မခွဲ(က)ပါဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့်ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၃၀။ သတင်းပို့အဖွဲ့အစည်းသည် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တစ်ဦးအား ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် ပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ်ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍-

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ်ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကို ဖော်ထုတ်ရန် ဆီလျော်သည့်အရေးယူဆောင်ရွက်မှုများအားလုံးဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကိုစောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ အန္တရာယ်အဆင့်မြင့်သည်ဟုဆုံးဖြတ်ပါက ပုဒ်မခွဲ(က)ပါ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးခြင်း၊

(ဂ) အသက်အာမခံပေါ်လစီများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ(Beneficiaries)နှင့် လိုအပ်ပါက အာမခံထားသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(Beneficial Owner)တို့သည် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ်ဆုံးဖြတ်နိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်သည့်ဆောင်ရွက်မှုများကို အနိမ့်ဆုံးအနေဖြင့် ငွေထုတ်ပေးချိန်တွင်ဆောင်ရွက်ရမည်။ အကယ်၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်မြင့်မားကြောင်းတွေ့ရှိရပါက-

(၁) အသက်အာမခံအကျိုးအမြတ်များကို ထုတ်ပေးခြင်းမပြုမီ အကြီးတန်းစီမံခန့်ခွဲသူထံ သတင်းပို့ရမည်။

(၂) အသက်အာမခံပေါ်လစီအား ပိုင်ဆိုင်သူနှင့်စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုလုံးအပေါ် အလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၃) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သံသယဖြစ်ဖွယ်သတင်းပို့ချက်ပေးပို့ရမည်။

၃၁။ သတင်းပို့အဖွဲ့အစည်းသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့်အရေးပါသည့် သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည်-

(က) စီးပွားဆက်ဆံဆောင်ရွက်မှုရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါလွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ငွေစာရင်းမှတ်တမ်းများနှင့် စီးပွားရေးဆိုင်ရာ အဆက်အသွယ်များအပါအဝင် သက်သေခံအထောက်အထားဆိုင်ရာစာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများ၊ စိစစ်ခြင်းမှရရှိသည့် စာရွက်စာတမ်းများနှင့် မည်သည့်ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းမှမဆို ရရှိသည့် ရလဒ်များ၊

(ခ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ်ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာမှတ်တမ်းများ၊

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့မှု အနည်းဆုံးငါးနှစ်ကြာပြီဖြစ်သည့် ဤအခန်း ၉ အရ လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့်စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးချိန် သို့မဟုတ် နောက်ဆုံးမွမ်းမံပြင်ဆင်သည့်အချိန် ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့် အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၃၂။ (က) သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)နှင့်(၃)တို့အရ ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကို အားထား၍ ဆောင်ရွက်နိုင်သည်-

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ဃ)အရ လိုအပ်သည့် သတင်းအချက်အလက်များကို ချက်ချင်းရယူခြင်း၊

(၂) ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ဃ)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားနှင့် အခြားအထောက်အထားများ၏ မိတ္တူကို တောင်းဆိုချက်အရ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခြင်း၊


(၃) အဆိုပါကြားခံပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကြပ်မတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းများ ထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်းပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အရေးယူဆောင်ရွက်မှုများ ချမှတ်ထားရှိပြီးဖြစ်ကြောင်း ကျေနပ်ဖွယ်ဖြစ်သည်အထိ ဆောင်ရွက်ထားနိုင်ခြင်း၊

(ခ) ပုဒ်မခွဲ(က)တွင်ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် စိစစ်အတည်ပြုခြင်းများသည် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ တာဝန်သာဖြစ်သည်။

၃၃။ သတင်းပို့အဖွဲ့အစည်းသည် ဝန်ဆောင်မှုပေးသည့် နည်းလမ်းသစ်များ(new delivery mechanisms) အပါအဝင် ထုတ်ကုန်အသစ်များ (new products)နှင့် စီးပွားရေးလုပ်ငန်းအသစ် (new business actices) များအတွက်လည်းကောင်း၊ ထုတ်ကုန်အသစ်များနှင့် ရှိရင်းစွဲထုတ်ကုန်များအတွက် နည်းပညာအသစ် သို့မဟုတ် နည်းပညာအဆင့်မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ယင်းတို့ကို စတင်အသုံးပြုခြင်းမပြုမီ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသောလက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု ဆုံးရှုံးနိုင်ခြေအန္တရာယ်များကိုဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။




❒ **ကျောဖုံးမှအဆက်**

အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်း စသည့်အကြမ်းဖက် လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ သည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာ သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်သပိတ်ကျင်းမြို့အား ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး တန်ပြန် တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက် ချေမှုန်းခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် သပိတ်ကျင်းမြို့အား တပ်မတော်က ပြန်လည်သိမ်းပိုက်ထိန်းချုပ် နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မန္တလေး-မတ္တရာ-စဥ့်ကူး- သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်း နှင့် မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့် အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီး ဒေသတွင်း ကုန်စည် စီးဆင်း ကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ကာ ပညာရေး၊ ကျန်းမာရေး စသည့် ပြည်သူ များ၏ လူမှုစီးပွားဘဝများ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့်အတွက် ပြည်သူ များအနေဖြင့် တပ်မတော်အပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိ သည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် နေရာများအား တစ်ခုပြီး တစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ပြည်သူလူထု၏ လူမှုဘဝများ ပြန်လည် အဆင်ပြေချောမွေ့လာသည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုဖြင့် စိတ်အားထက်သန် စွာအားပေးထောက်ခံလာခဲ့ကြပြီး အကြမ်း ဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ် များအပေါ်ကိုလည်း ဝိုင်းဝန်းရှုတ်ချမှုများ ပြုလုပ်လာခဲ့ကြသည်။ ပြည်သူလူထု၏ အားပေးထောက်ခံမှုကို မရရှိတော့သည့် အကြမ်းဖက်သောင်းကျန်းသူများအနေ ဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုများအပေါ် စိတ်ပျက် နောင်တရမှုများကြောင့် နီးစပ်ရာ တပ်မတော်စစ်ကြောင်းများနှင့် ဆက်သွယ် ၍ဥပဒေဘောင်အတွင်းသို့ လက်နက်ခဲယမ်း များနှင့်အတူ ဝင်ရောက်လာခဲ့မှုများ ကိုလည်း တပ်မတော်အနေဖြင့် နွေးထွေးစွာ လက်ကမ်းကြိုဆိုလျက်ရှိသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်း များအနေဖြင့်အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက် ၍ သပိတ်ကျင်းမြို့နှင့် တကောင်းမြို့ အကြား ခိုအောင်းလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား စစ်ကြောင်း များခွဲပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် မှစ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီဆောင်ရွက်ခဲ့ရာ ဖေဖော် ဝါရီလ ၁၃ ရက်နေ့တွင် အကြမ်းဖက် သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရေချမ်းစဉ် ကျေးရွာ၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရှားတောကျေးရွာ၊ ဖေဖော်ဝါရီလ ၁၇ ရက် နေ့တွင် ဗန္ဓဲကျေးရွာ၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဒေါင်းပုန်းကျေးရွာ၊ ဖေဖော် ဝါရီလ ၂၀ ရက်နေ့တွင် ရွှေကျွန်းပင် ကျေးရွာ၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပေါက်တပင်ကျေးရွာ၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် သီးကုန်းကျေးရွာ၊ ဖေဖော် ဝါရီလ ၂၅ ရက်နေ့တွင် ဝါးရုံကုန်းကျေးရွာ၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရွှေစကာ ကျေးရွာ၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြင်သာကျေးရွာနှင့် ကြာညှပ်ကျေးရွာ၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကိုးပင် ကျေးရွာနှင့် ပုတီးဖြူကျေးရွာ၊ မတ်လ ၂ ရက်နေ့တွင် မင်းကုန်းကျေးရွာ၊ မတ်လ ၄ ရက်နေ့တွင်ဆယ်ဇင်းကုန်းကျေးရွာ၊မတ်လ ၅ ရက်နေ့တွင် လက်ပန်ကုန်းကျေးရွာ၊ မတ်လ ၇ ရက်နေ့တွင် ရေယာဉ်ကျေးရွာ၊ မတ်လ ၈ ရက်နေ့တွင် ဝဲကြီးကျေးရွာနှင့် ပေါ်တော်မူကျေးရွာ၊ မတ်လ ၉ ရက်နေ့တွင် မန်ကျည်းကုန်းကျေးရွာနှင့် ဆင်ညှပ်ကုန်း ကျေးရွာ၊ မတ်လ ၁၀ ရက်နေ့တွင်တကောင်း လမ်းဆုံနှင့် ညောင်လေးပင်ကျေးရွာ များအား အသီးသီးပြန်လည်သိမ်းပိုက် နိုင်ခဲ့ပြီး မတ်လ ၁၂ ရက်နေ့ ယနေ့တွင် တကောင်းမြို့အား တပ်မတော်က အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် တကောင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက် သို့ ရောက်ရှိနေစဉ်အတွင်း တကောင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘာသာ ရေးဆိုင်ရာအဆောက်အအုံများ၊ စာသင် ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက် အအုံများ၊ လူနေအိမ်များတွင် သဲအိတ် များ၊ တာယာကွင်းများအား ဘန်ကာများ ပြုလုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီး ကျောင်းများ၊ နေအိမ်အဆောက်အအုံများ အကြားနှင့် **စာမျက်နှာ ၂၈ သို့** ❒














တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကိုတွေ့ရစဉ်။






တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှသိမ်းပိုက်ရရှိခဲ့သည့် လက်နက်/ခဲယမ်းများကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများယာယီစိုးမိုးထားသည့် ကိုးပင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့်ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement–ROE) နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁ လကျော်



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဆယ်ဖင်းကုန်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းလမ်းဆုံ၊ ညောင်လေးပင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒေါင်းပုန်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပုတီးဖြူကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

❐ **စာမျက်နှာ ၂၇ မှအဆက်**

အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို

တပ်မတော် စစ်ကြောင်းများက တကောင်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့်

**စာမျက်နှာ ၂၉ သို့** ❐



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန့်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မင်းကုန်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရှားတောကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရေယာဉ်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လက်ပန်ကုန်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာများအတွင်း ယာယီခံစစ်စခန်း ပြုလုပ်ထားမှုများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိခဲ့သည့် အလောင်းနှင့်လက်နက်/ခဲယမ်းများကိုတွေ့ရစဉ်။



ဆယ်ဇင်းကုန်းကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်း ပြုလုပ်ထားမှုကိုတွေ့ရစဉ်။

❒ **စာမျက်နှာ ၂၈ မှအဆက်**

တိုက်ပွဲကြီးငယ် ၈၅ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၄၀ လက်၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိခဲ့သည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ မြို့/ရွာများရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့်မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် တကောင်းမြို့မှ နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းများရှင်းလင်းပေးခြင်းစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ တကောင်းမြို့နှင့် အဆိုပါ ပတ်ဝန်းကျင်ဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလားတောင့်တလျက်ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံခိုင်မာစေရေးအတွက် ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် ရှေ့တန်းရောက် တိုက်ပွဲဝင်တပ်မတော်သား အရာရှိ အရာခံ၊ အကြပ်၊ စစ်သည်များ၊ အလားတူ ရှေ့တန်းစစ်ဆင်ရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တိုက်ပွဲဝင် တပ်မတော်သားများအတွက် အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ်စသည့် စိတ်ဓာတ်ခွန်အားအပါအဝင် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို မဆုတ်မနစ်သော ယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးလျက်ရှိသော တပ်မတော်သားမိသားစုဝင်ပါရမီဖြည့်ဖက်များနှင့်တပ်မတော်ကိုအားပေးထောက်ခံခဲ့ကြသူအားလုံးကို လေးစားစွာ အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်းနှင့် တကောင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့်သတင်းအား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီသတင်းစာက ဂုဏ်ယူစွာဖြင့် သတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
SHWE PHE OO Lemon Tea
PYIN OO LWIN NAN MYAIN
2+1 coffee
MOUNT PLEASANT
KHA YAE PIN MART
SUGARMEC
TRISTAR


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ ဇေနသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ ပထဝီနိုင်ငံရေးအရရော နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့်အခြေအနေများပိုင်ဆိုင်ထားသည့် မိမိနိုင်ငံအနေဖြင့် ယခုအခြေအနေများထဲက မိမိနိုင်ငံအတွက် ကောင်းကျိုးများအပြည့်အဝရရှိခံစားအသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ရမည်ဖြစ် . . .

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၂

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အချို့မြို့၊ ရွာများ၌ဝင်ရောက်နေရာယူ၍ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter– Terrorism Operation)ကိုဆောင်ရွက်လျက်ရှိသည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ တကောင်းမြို့နှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ ယာယီစိုးမိုးထားစဉ် ဒေသခံပြည်သူများ၏နေအိမ်များအားမီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့်ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ စက်ရုံ/အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများတွင် ယာယီခံစစ်စခန်းများပြုလုပ်၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း၊

စာမျက်နှာ ၂၇ ကော်လံ ၁ ❐



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများယာယီစိုးမိုးထားသည့် တကောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကိုတွေ့ရစဉ်။

# ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆို

နေပြည်တော် မတ် ၁၂

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ ယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ◆



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာ ဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးစီးမှုကိုတွေ့ရစဉ်။

နိုင်ငံတကာသတင်း

## မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

စာ – ၂၂ သို့

## အီသီယိုးပီးယားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွား အနည်းဆုံး လူ ၃၀ ဦးသေဆုံး

စာ – ၂၃ သို့

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း မဟာယူနိုက်တက်အသင်းကိုအနိုင်ယူ

ရန်ကုန် မတ် ၁၂

၂၀၂၅–၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)၏ပွဲစဉ်တစ်ပွဲဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့်မဟာယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့၌ ယှဉ်ပြိုင်ကစားကြရာ

စာမျက်နှာ ၁၀ ကော်လံ ၃ ▲



၁၂-၃-၂၀၂၆

## ထူးခြားသည့်နေ့အပူချိန်များ

| | |
|---|---|
| မင်းဘူး | ၄၀ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ငါးသိုင်းချောင်း | ၃၈ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |